**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

# မြဝတီ
နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၉)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ်တက္ကသိုလ်ကြီးဖြစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်)

# စိုက်ပျိုးရေးပညာနှစ်တစ်ရာ နိုင်ငံအတွက်ဂုဏ်ယူစရာ

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပြည်သူလူထု၏လူမှုဘဝအခြေအနေတိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပိုလျှံရေးအတွက် စိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့သည်။ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးဖို့ မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးကဏ္ဍမှ ပြည်ပဝင်ငွေများစွာရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်ကျရောက်နေစဉ် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ့စီးပွားရေးကို ကုပ်သွေးစုပ်ခြယ်လှယ်ခဲ့သည်။ စိုက်ပျိုးရေးထွက်ကုန်များကြောင့် နယ်ချဲ့တို့၏စီးပွားရေးသည် ကမ္ဘာတွင် တွင်ကျယ်ခဲ့သည်။ မြန်မာလူငယ်များအတွက် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာလိုအပ်မှုကို တိုင်းတစ်ပါးသားတို့က သတိမူခဲ့ကြသည်။ ခေတ်မီစိုက်ပျိုးရေးပညာရပ်အတွက် မြန်မာလူငယ်များကို အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ စေလွှတ်၍ ပညာသင်ယူစေခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်ကို ဖွင့်လှစ်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပြည်တွင်း၌သင်ယူစေခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ခေတ်မီစိုက်ပျိုးရေးအတတ်ပညာစတင်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရေးပညာ နှစ်(၁၀၀)ပြည့်မြောက်ပြီဖြစ်သည်။

၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံ၏ခေတ်မီစိုက်ပျိုးရေးအတတ်ပညာကဏ္ဍကို မန္တလေးမြို့ရှိ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဇိမာန်ဖွင့်လှစ်ခြင်းဖြင့်စတင်ခဲ့သည်။ ကောလိပ်ဟုခေါ်တွင်သော်လည်း ဘွဲ့ဒီဂရီအဆောင်အယောင်ကိုအပ်နှင်းနိုင်သည့် ရန်ကုန်တက္ကသိုလ်၏အသိအမှတ်ပြုမှုမရရှိသေးသဖြင့် စိုက်ပျိုးရေးဒီပလိုမာသုံးနှစ်သင်တန်းအနေဖြင့်သာ စတင်ခဲ့ရသည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကအသိအမှတ်ပြုသည့် စိုက်ပျိုးရေးကောလိပ်ဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံကောလိပ်ဖြစ်သည့်အတွက် စိုက်ပျိုးရေးအတတ်ပညာကို စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်တက္ကသိုလ်၌ ဥပစာသိပ္ပံတက်ရောက်အောင်မြင်ပါက စိုက်ပျိုးရေးကောလိပ်၌ နောက်ထပ်နှစ်နှစ်ဆက်လက်တက်ရောက်ပြီး စိုက်ပျိုးရေးပညာဘွဲ့ရရှိစေသည်။

၁၉၄၇ ခုနှစ်မှစတင်ကာ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ စိုက်ပျိုးရေးကောလိပ်မဟုတ်တော့ဘဲ စိုက်ပျိုးရေးမဟာဌာနဖြစ်လာခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်မှာလည်း မန္တလေးတက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံ၌ တက္ကသိုလ်နှစ်ခုရှိလာခဲ့သည်။ မန္တလေးမြို့၌ရှိနေသော ရန်ကုန်တက္ကသိုလ်စိုက်ပျိုးရေးမဟာဌာနသည်လည်း မန္တလေးတက္ကသိုလ်၏ စိုက်ပျိုးရေးမဟာဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စနစ်သစ်ပညာရေးမူဝါဒကိုကျင့်သုံးခဲ့ရာ စိုက်ပျိုးရေးမဟာဌာနသည် သီးခြားတက္ကသိုလ်အဖြစ် ပြောင်းလဲဖွဲ့စည်းခွင့်ရရှိခဲ့သည်။ ထိုအချိန်မှစ၍ စိုက်ပျိုးရေးတက္ကသိုလ်အဖြစ်သီးခြားရပ်တည်ပြီး အပ်နှင်းသည့်ဘွဲ့ကိုလည်း စိုက်ပျိုးရေးပညာဘွဲ့ဟုအမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

စိုက်ပျိုးရေးတက္ကသိုလ်၏အဓိကလိုအပ်ချက်မှာ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ကွင်းဆင်းလုပ်ငန်းများအတွက် မြေနေရာအခက်အခဲဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးအတွက် ရာသီဥတုနှင့်ရေခံမြေခံကောင်းသည့် ပျဉ်းမနားမြို့၏မြောက်ဘက် ၁၁ မိုင်ခန့်အကွာ၊ ရေဆင်းရွာနှင့်ရေဆင်းဆည်အနီးရှိ မြေနေရာကိုရွေးချယ်ကာ ၁၉၆၆ ခုနှစ်မှစတင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်အသစ်ကို စတင်တည်ဆောက်ပြင်ဆင်မှုပြုလုပ်ခဲ့သည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ရေဆင်းဟူသောစိုက်ပျိုးရေးလုပ်ငန်းအခြေပြု ကျေးရွာငယ်၏အမည်ကိုအစွဲပြု၍ခေါ်ဆိုခြင်းခံရသည့် တစ်ခုတည်းသောတက္ကသိုလ်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် စားရေရိက္ခာဖူလုံပိုလျှံရေး၊ စိုက်ပျိုးရေးဆိုင်ရာပြဿနာများကို ကူညီဖြေရှင်းရေး၊ စိုက်ပျိုးရေးထွက်ကုန်များ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံမျိုးကောင်းများရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိရောက်စွာအသုံးချနိုင်ရေးအတွက် ထက်မြက်ထူးချွန်သောစိုက်ပျိုးရေးပညာရှင်များကို စဉ်ဆက်မပြတ်မွေးမြူထုတ်လုပ်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးပညာဖြစ်ထွန်းလျက်ရှိသည်မှာ နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီဖြစ်ပေရာ စိုက်ပျိုးရေးပညာနှစ်(၁၀၀)မှသည် နှစ်ပေါင်းများစွာတည်တံ့ပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်အောင်မြင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သာကေတမိကျောင်းမွေးမြူရေးစခန်းမှ ပြည်တွင်းပြည်ပခရီးသွားများ ဗဟုသုတခရီးစဉ်အဖြစ် နေ့စဉ်ဖွင့်လှစ်ပြသလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံတွင် မိကျောင်းမျိုးစိတ်လေးမျိုးရှင်သန်လျက်ရှိပြီး ရေငန်မိကျောင်းဖြစ်သည့် Crocodylus porosus မျိုးစိတ်တစ်မျိုးကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားပြီး ပြည်တွင်းပြည်ပခရီးသွားများကို ဗဟုသုတခရီးစဉ်အဖြစ် နေ့စဉ်ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ပိတ်ထားခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ စခန်းပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

" ပြန်ဖွင့်တာမကြာသေးပေမယ့် ခရီးသွားတွေလာကြပါတယ်။ နိုင်ငံခြားသားအချို့လည်း လာရောက်လေ့လာကြပါတယ်။ ပြည်တွင်းပြည်ပခရီးသွားတွေကို ဝန်ထမ်းတွေက လိုက်လံရှင်းလင်းပြသပြီး မိကျောင်းငယ်လေးတွေကို တို့ထိကိုင်ကြည့်ဖို့၊ ကုသိုလ်ဖြစ်အစာကျွေးမွေးဖို့နဲ့ လာရောက်ကြည့်ရှုသူတွေ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်"ဟု မိကျောင်းမွေးမြူရေးစခန်းနှင့် ရေအရည်အသွေးစစ်ဆေးရေးနှင့်ရေချိုစုသုတေသနဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ခိုင်မာက ပြောသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းသို့ ပြည်တွင်းခရီးသွားများနည်းတူ ပြည်ပခရီးသွားများလည်း ဝင်ရောက်လျက်ရှိပြီး နိုင်ငံခြားခရီးသွားများအနေဖြင့် မိကျောင်းများကို အနီးကပ်ကြည့်ရှုရမှုအပေါ် အားရကျေနပ်ကြလေ့ရှိကြောင်း၊ လာရောက်လေ့လာရာတွင် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ နိုင်ငံသားလူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် ငါးနှစ်အောက် ကလေးများကို အခမဲ့အဖြစ် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

မိကျောင်းမွေးမြူရေးစခန်းတွင်မိကျောင်းများ ရှင်သန်နေထိုင်နိုင်ရန် ရေငန်ရရှိမှုနှင့် ဥမှအကောင်ပေါက်ရန် ပြုစုပျိုးထောင်ရာတွင် လျှပ်စစ်မီးသည်အရေးပါလျက်ရှိပြီး မွေးမြူရေးကန်အမှတ်(၁)တွင် ၁ ပေမှ ၃ ပေရှည်သော မိကျောင်းပေါက်များ၊ ကန်အမှတ်(၂)တွင် ၄ ပေမှ ၆ ပေရှည်သော မိကျောင်းများနှင့် ကန်အမှတ်(၃)၌ ၇ ပေအထက်မိကျောင်းများကို မွေးမြူပြသထားသည်၊ မိကျောင်းမတစ်ကောင်လျှင် ဥအလုံး ၂၀ မှ ၇၀ အထိ ဥချလေ့ရှိပြီး သာကေတ မိကျောင်းမွေးမြူရေးစခန်း၌ အရွယ်စုံမိကျောင်းကောင်ရေ ၆၂ ကောင်ရှိ၍ ၂၀၂၄ ခုနှစ်တွင် သားပေါက်ကိုးကောင် တိုးပွားလာမှုဖြင့် ၆၁ ကောင် မွေးမြူထားကြောင်း သိရသည်။



**ဓာတ်ပုံ – ဖွဲ့မာန်၊ သစ္စာ(MNA)**

# ရက်ကန်းပညာရပ်တိမ်ကောပပျောက်မှုမရှိစေရန် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမည်



**မုဒုံ ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားရေးနှင့် (MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ သဘာဝဆိုးဆေးကိုအခြေခံ၍ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်စေရန်၊ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရန်၊ ရက်ကန်းလုပ်ငန်းများ ကျွမ်းကျင်စွာတတ်မြောက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများတိုးပွားလာစေရန်နှင့် ယင်းလုပ်ငန်းများလိုအပ်သော နည်းပညာအထောက်အပံ့များဆောင်ရွက်ပေးနိုင်ရန်အတွက် လက်ရက်ကန်းသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်က ပြောသည်။

အဆိုပါ လက်ရက်ကန်းသင်တန်းတွင် နည်းပြများက အထည်ခွဲစိတ်လေ့လာခြင်း၊ အဖြူချွတ်ဆေးဆိုး၊ အထည်ဒီဇိုင်း၊ လက်ချည်မျှင်ဆွဲ၊ ရိုးရာဂျပ်ခုတ်ဘာသာရပ်များနှင့်စက်ချုပ်၊ ဖဲနှတ်ကောက် စသည့်ပညာရပ်တို့ကို သင်တန်းသား ၁၀ ဦးအား ခြောက်လကြာ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာလ ၂၃ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၁၀ | ၃၂၂၅ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၅ | ၃၁၈၀ | ၄၅၀၅ | ၃၄၇၅ | ၃၂၀၀ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၅ | ၃၉၅၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၈၅ | ၄၅၆၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၀ | ၃၀၆၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | ၄၈၃၀ | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | - | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၃၈ | ၃၀၃၁ |
| 95 Ron | ၃၀၄၆ | ၃၁၄၀ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၁၁ | ၃၂၀၃ |
| HSD (10 ppm) | ၃၁၁၁ | ၃၂၀၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များအား ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်စဉ်။

❍ ကျောဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာ ပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက **"အိုသာယာသောမြန်မာပြည်"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြစဉ်။



သိက္ခာတော်ရဆရာ မျိုးမြင့်ဦးက အဖွင့်ဆုတောင်းစဉ်။



သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ကက်သလစ်လူငယ်အဖွဲ့များနှင့်ခရစ်ယာန်ဘာသာဝင်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် St. Mary's Cathedral Church သို့ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သိက္ခာတော်ရဆရာ မျိုးမြင့်ဦးက အဖွင့်ဆုတောင်းပြီး သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်**"အိုသာယာသောမြန်မာပြည်"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကိုကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကိုပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဟု ဆိုနိုင်ကြောင်း။

ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘာသာ၊ သာသနာများနှင့်

**မိမိတို့အစိုးရအနေဖြင့် ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေ၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟုယုံကြည်၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည်မဟုတ်၊ ထိုကဲ့သို့လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လို. . .**

ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပုဒ်မများပြဋ္ဌာန်းပြီး ဥပဒေကြောင်းအရ အာမခံချက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ခွင့်အညီအမျှရရှိရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။

ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန် အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံး ငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့်ဘာသာတရားများမတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲစုစည်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထိုသို့မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ **စာမျက်နှာ ၆ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာဒေါက်တာအေးမင်းတို့က ခရစ္စမတ်ဆုတောင်းလွှာအားပေးအပ်စဉ်။

○ စာမျက်နှာ ၅ မှအဆက်

နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ယင်းကို မိမိတို့ ဆက်လက်ကာကွယ်ထိန်းသိမ်းသွားကြရန် လိုပြီး အထူးသဖြင့် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းမွန်အောင်တည့်မတ်ပေးကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့်လည်း ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရွေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟုယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေအများဆုံးရှိပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့်နေရာတွင် ရှိနေကြောင်း၊ ထို့ကြောင့် ကျရာကဏ္ဍအသီးသီးမှပါဝင်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုကြောင်း၊ ယခု ခရစ္စမတ်အချိန်အခါကစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ မြန်မာနိုင်ငံသာမကဘဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သည်းခံပေးမှုစိတ်ထားများဖြင့် တည်ငြိမ်အေးချမ်းသာယာလှပသည့် လူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်သွားကြရန်နှိုးဆော်လျက် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေ့ဒ်အယ်ဆရီးဝါးက ဂုဏ်တော်ချီးမွမ်းခြင်းကိုလည်းကောင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာ မောရစ်လျန်နာ ဦးဆောင်၍ တက်ရောက်လာကြသည့်ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲအတုံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister မေရီဇင်မာဆွေက ကျမ်းစာဖတ်ကြားခြင်းကိုလည်းကောင်း၊ ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကလည်းကောင်း အသီးသီးဆောင်ရွက်ကြပြီး ခရစ္စမတ်သံစုံကို ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော်မှ သီဆိုဟစ်ကြွေးကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကိုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရဆရာ စောဆားနေက ခရစ္စမတ်အခါသမယ မိတ်သဟာယ ညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် "ခရစ်တော်ကြွလာကျူး" ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။

ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားမျှဝေပြောကြားရာတွင်မင်္ဂလာရှိသောခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိလူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစု၊ အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်းဖြင့် ဆုမွန်စကား ပြောကြားသည်။



ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားမျှဝေပြောကြားစဉ်။

**မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေအများဆုံးရှိပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်၊ မိမိတို့ နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့်နေရာတွင်ရှိနေ . . .**

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့်ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယညစာကိုအတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့်ဧည့်ပရိသတ်များက မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယညစာကို အတူတကွသုံးဆောင်စဉ်။

# ကော်ဖီရာသီသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီသီးမှည့်များကို စတင်ဝယ်ယူနေ



ပြင်ဦးလွင် ဒီဇင်ဘာ ၂၂

ပြည်တွင်း၌ ယခုအခါ ကော်ဖီရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီသီးမှည့်များကို Export ကုမ္ပဏီများနှင့် ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသောလုပ်ငန်းရှင်များက စတင်ဝယ်ယူနေကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ သိရသည်။

လက်ရှိတွင် ပြင်ဦးလွင်ဒေသထွက် အရည်အသွေးကောင်းမွန်သော ကော်ဖီသီးမှည့်များကို ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသောလုပ်ငန်းရှင်များက ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိနေကြောင်း သိရသည်။

"အခုဆိုရင် ပြည်တွင်းမှာ ကော်ဖီရာသီစတင်နေပါပြီ။ ဒီနှစ်မှာ မိုးရွာတာစောတဲ့အတွက် ကော်ဖီပွင့်တာ၊ သီးတာ အရင်နှစ်တွေကထက် နည်းနည်းစောပါတယ်။ အဲဒီအတွက်ကြောင့် အခုဆိုရင် ကော်ဖီသီးတွေမှည့်တဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အရင်နှစ်တွေက အခုလိုအချိန်မှာ မိုးနာသီးတွေ ရောနေတတ်တဲ့အတွက် ကော်ဖီသီးမှည့်တွေကို ဝယ်တဲ့သူတွေက နည်းနည်းနောက်ကျပြီးမှ ဝယ်လေ့ရှိပါတယ်။ ဒီနှစ်မှာတော့ လုပ်ငန်းရှင်တချို့က စတင်ဝယ်ယူနေကြပါပြီ" ဟု ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်ကပြောသည်။

ယခုအခါ ပြည်ပကုမ္ပဏီများသို့ တင်ပို့ရောင်းချမည့် ပြည်တွင်းမှ Export ကုမ္ပဏီများနှင့် ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်တချို့က ကော်ဖီသီးမှည့်များကို စတင်ဝယ်ယူနေကြပြီဖြစ်ကာ ထိုသို့ ပြည်ပတင်ပို့သောလုပ်ငန်းရှင်များတွင် Speciality Coffee ကို ဝယ်ယူရောင်းချသူများရှိသကဲ့သို့ Commercial Grade Coffee ကို ဝယ်ယူရောင်းချသူများလည်းရှိသည်။

မြန်မာနိုင်ငံ၌ ကော်ဖီသည် တန်ဖိုးမြင့်ထုတ်ကုန်သီးနှံတစ်မျိုးဖြစ်သည့်အတွက် Speciality Coffee ကို ပြည်ပသို့တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိနေသကဲ့သို့ ပြည်တွင်း၌လည်း ဖူလုံမှုရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီများသည် အရည်အသွေးကောင်းမွန်ကာ Speciality Grade ကို မီသည့်အတွက် ပြည်ပမှ ကော်ဖီလုပ်ငန်းရှင်များက ကြိုက်နှစ်သက်ကာ ပြည်ပဈေးကွက်အခြေအနေ ကောင်းမွန်လျက်ရှိသောကြောင့် နှစ်စဉ် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၂၀၀၀ နှင့်အထက် တင်ပို့နေရကြောင်း သိရသည်။

**ဆောင်းဦး**

# ပုသိမ်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၄၉၂၈၈ ဧက စိုက်ပျိုးလျက်ရှိ

ပုသိမ် ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၄၉၂၈၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၄၉၂၈၈ ဧကကို ဒီဇင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ဧက ၅၀၀၀၀ နီးပါး စိုက်ပျိုးမှာဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့ မိုးစပါးတွေ ပြန်လည်သိမ်းဆည်းပြီးချိန်ကတည်းက နွေစပါးစိုက်ပျိုးဖို့ လိုအပ်တာတွေ ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ ရေရရှိဖို့အတွက်နဲ့ ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ တခြားလိုအပ်တာတွေကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လိုအပ်သလိုချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့်လည်း အခုလို နွေစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်တာဖြစ်ပါတယ်'' ဟု ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်မြို့နယ်၌ နွေစပါးများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ယခုနှစ်အတွက် စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုများအပြင် ခရီးသွားပြည်သူများအသိအမှတ်ပြုယာဉ်မောင်းဆုများကိုလည်း ပေးအပ်ချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် ယခုနှစ်အတွက် YBS ယာဉ်မောင်းများအား ဆုများရွေးချယ်ချီးမြှင့်ရာတွင် စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုများအပြင် ခရီးသွားပြည်သူများ အသိအမှတ်ပြုယာဉ်မောင်းဆုများကိုလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၌ မောင်းနှင်ပြေးဆွဲနေသော အများပြည်သူသုံး မော်တော်ယာဉ်များဖြစ်ကြသည့် YBS ခရီးသည်တင်ယာဉ်များတွင် အဓိကကျသော YBS ယာဉ်မောင်းများအနေဖြင့် ခရီးသွားပြည်သူများကို တာဝန်သိစွာဆောင်ရွက်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်စေရန် ယခုကဲ့သို့ ဆုများပေးအပ်ချီးမြှင့်ရန် စီစဉ်ခြင်းဖြစ်သည်။

"ဒီနှစ်အတွက် စံပြယာဉ်မောင်းဆုတွေ ရွေးချယ်တဲ့အခါမှာ YBS ယာဉ်လိုင်းကုမ္ပဏီတွေဘက်က ရွေးချယ်ပေးတဲ့ ယာဉ်မောင်းတွေအပေါ်မှာ YRTC က ယာဉ်စည်းကမ်းထိန်းသိမ်းမှုမှတ်တမ်းတွေနဲ့ တိုက်ဆိုင်စိစစ်ပြီး ရွေးချယ်မှာဖြစ်ပါတယ်။ တာဝန်သိယာဉ်မောင်းဆုက ခရီးသွားပြည်သူတွေကျန်ခဲ့တဲ့ ပစ္စည်းတွေကို ပြန်လည်ပေးအပ်တဲ့ယာဉ်မောင်းတွေကို ချီးမြှင့်တာဖြစ်ပါတယ်။ ဒ့ါပြင် ဆိုရှယ်မီဒီယာတွေမှာ ယာဉ်မောင်းတချို့ကို ချီးမွမ်းပြောဆိုထားတာတွေရှိပါတယ်။ အဲဒီလိုယာဉ်မောင်းတွေကိုလည်း ဒီနှစ်မှာ ခရီးသွားပြည်သူတွေ အသိအမှတ်ပြုယာဉ်မောင်းဆုတွေ ပေးအပ်ချီးမြှင့်မှာပါ" ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

ယခင်နှစ်များက စံပြယာဉ်မောင်းဆုများကို YBS ယာဉ်လိုင်းကုမ္ပဏီများက ရွေးချယ်ပေးသော ယာဉ်မောင်းများကို ပေးအပ်ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်အတွက် စံပြယာဉ်မောင်းဆုများကို ရွေးချယ်ရာတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ မှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်မည်ဖြစ်ပြီး ပြစ်မှုမှတ်တမ်းထဲတွင် ပါရှိနေသော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းကုမ္ပဏီများဘက်မှ အမည်စာရင်းတင်သွင်းလျှင်လည်း စံပြယာဉ်မောင်းဆုချီးမြှင့်မည်မဟုတ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# ကျောက်ကပ်နှင့် ဆီးကျန်းမာရေးအကြောင်း

ကျောက်ကပ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဓိကအားဖြင့် သွေးကို ဆေးကြောသန့်စင်ပေးသောလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ ရေ(အရည်) နှင့် သတ္တုဓာတ်ပမာဏတို့ကို ထိန်းညှိပေးကာ ပိုလျှံသော အရည်များအား ဆီးအိမ်၊ ဆီးပိုက်ပြွန်တို့မှတစ်ဆင့် ဆီးအဖြစ် စွန့်ထုတ်စေခြင်းဖြစ်သည်။

ပုံမှန်ကျန်းမာရေးကောင်းသူတစ်ဦးသည် နေ့စဉ် ပျမ်းမျှ ရေနှစ်လီတာကျော် သောက်သုံးသင့်သည်။ ဆီးသွားမှုပမာဏသည် အနည်းဆုံး တစ်လီတာမှ နှစ်လီတာခန့်ရှိရမည်။ ချွေးထွက်များသောနေ့တွင် ရေပိုသောက်ပေးသင့်သည်။

ဆီးကောင်းမွန်စွာ စွန့်ထုတ်ခြင်းဟုဆိုရာတွင် ရာသီဥတုပေါ် မူတည်၍လည်းကောင်း၊ ရေသောက်သည့်ပမာဏပေါ် မူတည်၍လည်းကောင်း ဆီးအနည်းအများ သွားခြင်းရှိမည်။ ဆီးသွားချင်သည့်အချိန်တွင် အောင့်ထားခြင်းကို အထူးရှောင်ကြဉ်သင့်သည်။ တချို့က ဆီးခဏခဏ သွားရမည်စိုး၍ ရေလျှော့သောက်မည်ဟူသော အယူလွဲမှားမှုများရှိကြသည်။ သို့သော် ညအချိန်တွင် ရေလျှော့သောက်သင့်သည်။

ဆီး၏မူလအရောင်မှာ ကောက်ရိုးဝါရောင်ဖြစ်သည်။ ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးဖြူခြင်း၊ ဆီးနည်းခြင်း၊ အနည်ပါခြင်း၊ သွေးပါခြင်း၊ ဆီးကျန်ခြင်း၊ ဆီးကြောတင်းခြင်း၊ ဆီးသွားမရခြင်းတို့သည် ဆီးအိမ်မသန့်ရှင်းခြင်း၏ လက္ခဏာများဖြစ်သည်။ ဆီးထဲသွေးပါခြင်းသည် ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ ဆီးအိမ် သို့မဟုတ် ဆီးကျိတ်တွင် ပိုးဝင်ပြီး ရောင်ရမ်းခြင်းတို့ကြောင့်ဖြစ်သည်။ ဆီးအောင့်ခြင်းနှင့် ဆီးကျဉ်ခြင်းများလည်း ဖြစ်လာနိုင်သည်။ မနာကျင် မကိုက်ခဲသော်လည်း ဆီးထဲ၌ သွေးပါခြင်းကို မပေါ့ဆသင့်ပေ။ ဆီးထဲသွေးပါသော လက္ခဏာသည် ဆီးလမ်းကြောင်းကင်ဆာဟု စောစီးစွာသိရှိရန် တစ်ခုတည်းသော သဲလွန်စဖြစ်နိုင်သည်။ ကျောက်ကပ်ကင်ဆာ၊ ဆီးပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာနှင့် ဆီးကျိတ်ကင်ဆာများသည် ဆီးလမ်းကြောင်းတစ်လျှောက်တွင် သွေးထွက်စေတတ်သောကြောင့်ဖြစ်သည်။

လူတစ်ဦး၏ ပုံမှန်ဆီးအရောင်သည် ကောက်ရိုးဝါရောင် (ဝါဖျော့ဖျော့အရောင်) ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အစာခြေလမ်းကြောင်း စနစ်ထဲတွင် BiLR (ခေါ်) အရောင်အသွေးအင်ဇိုင်းတစ်မျိုးကြောင့်ဖြစ်သည်။ ခြွင်းချက်အနေဖြင့် မွေးကင်းစကလေးအများအပြားတွင် BiLR အင်ဇိုင်း မရှိသဖြင့် ဆီးအရောင်မဝါတတ်ပေ။

ရေသောက်နည်းခြင်း၊ အစားအစာ၊ သောက်သုံးသော ပဋိဇီဝဆေးဝါးတို့ကြောင့်လည်း ဆီးအရောင်ယာယီပြောင်းလဲတတ်သည်။ ထိုအကြောင်းသုံးရပ်ကြောင့် ဆီးအရောင် ၂၄ နာရီခန့်ကြာ ပြောင်းလဲခြင်းသည် ပြဿနာမရှိသော်လည်း ကျန်းမာရေးတစ်စုံတစ်ရာ ချို့ယွင်းမှုကြောင့် ဆီးအရောင်သိသိသာသာပြောင်းလဲတတ်ပေရာ မိမိကျန်းမာရေးအခြေအနေကို အောက်ဖော်ပြပါအကြောင်းအရာတို့ဖြင့် သုံးသပ်နိုင်သည်။

- ကျန်းမာရေးကောင်းသူတစ်ဦး၏ ဆီးအရောင်သည် ကြည်လင်သော ဝါဖျော့ဖျော့အရောင်ဖြစ်ပြီး ရေသောက်များလေ ဆီးအရောင်ဖျော့လေဖြစ်သည်။
- ဆီးထဲသွေးပါခြင်းသည် သွေးမတိတ်ရောဂါ၊ ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးအိမ်ကင်ဆာတို့နှင့် ဆက်စပ်နေသည်။ အထူးသဖြင့် အသက် ၄၀ ကျော်အမျိုးသားများ ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေအလားအလာများ၍ သတိပြုသင့်သည်။
- တချို့သော ဝမ်းနုတ်ဆေးများနှင့် အကြောပြေဆေးများတွင် Cascara သို့မဟုတ် Senna ဓာတ်ပါရှိသဖြင့် ဆီးသွားသည့်အခါ အညိုရင့်ရင့် သို့မဟုတ် လက်ဖက်ရည်ကြမ်းရောင် ပြောင်းနေတတ်သည်။ အသည်းပျက်စီးခြင်း၊ အသည်းရောင်ရောဂါ၊ ကျောက်ကပ်အတွင်း သွေးခဲ၍ ပျက်စီးခြင်းတို့ကလည်း ဆီးအရောင်ကို အညိုရင့်ရောင်ပြောင်းစေတတ်သကဲ့သို့ ကိုကာကိုလာအရောင်ကဲ့သို့ ဆီးပျစ်ပျစ်သွားပါက ဆီးအိမ်နှင့် ကျောက်ကပ်တို့တွင် ပြင်းထန်သောရောဂါရရှိနိုင်သဖြင့် ဆရာဝန်နှင့် အမြန်ဆုံးဆွေးနွေးတိုင်ပင်သင့်သည်။
- ဆီးလမ်းကြောင်းပိုးဝင်ခြင်းကြောင့် သွေးဖြူဥ၊ သွေးနီဥ ဆဲလ်များတွင် ဗက်တီးရီးယားများ တိုးပွားလာကာ ဆီးအရောင်သည် နို့ကဲ့သို့ ဖြူသွားတတ်သည်။ ကျောက်ကပ်ကျောက်တည်ခြင်းကလည်း ဆီးကိုဖြူစေသည်။
- အနီရောင် သို့မဟုတ် ပန်းရောင် ဆီးသွားခြင်းကို ဆီးထဲသွေးပါသည်ဟု ထင်မှတ်မှားလေ့ရှိကြသည်။ အနီရောင် သကြားမုန်လာနှင့် ဘယ်ရီသီးအနီရောင်များစားခြင်းဖြင့် ဆီးနီစေနိုင်သကဲ့သို့ Antipsychotics ဓာတ်ပါရှိသော ဆေးဝါးတချို့သောက်သုံးခြင်းကလည်း ဆီးကိုနီစေသည်။ အကယ်၍ ခန္ဓာကိုယ်ထဲတွင် ခဲဆိပ်တက်လျှင် ဆီးနီစေသဖြင့် အထူးဂရုပြုသင့်သည်။
- ဘီယာသောက်ခြင်းနှင့် ကယ်ရိုတင်းဓာတ်ပါသော မုန်လာဥနီအမြောက်အမြားစားသုံးခြင်းဖြင့် ဆီးလိမ္မော်ရောင်သွားစေသည်။ ဗီတာမင် C အလွန်အကျွံသောက်သုံးခြင်း၊ ခီမိုဆေးသွင်းကုသခြင်းနှင့် ပိုးသတ်ဆေးတချို့ကလည်း ဆီးကို လိမ္မော်ရောင်ဖြစ်စေတတ်သည်။ အကယ်၍ ဆီးသည် လိမ္မော်ရောင်ဖြစ်ပြီး ဝမ်းအဖြူရောင်သွားနေပါက အသည်းရောင်အသားဝါလက္ခဏာဖြစ်သည်။ လိုအပ်သောပမာဏထက်ပို၍ ဗီတာမင် C မှီဝဲခြင်းက ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။
- အကယ်၍ သင်သည် ဗီတာမင် B ဓာတ်ကြွယ်ဝသော အားဖြည့်ဆေးသောက်သုံးနေသူဖြစ်ပါက နီယွန်အဝါရောင် ဆီးသွားခြင်းအတွက် စိုးရိမ်ဖွယ်မရှိပေ။
- ထုံဆေး၊ မေ့ဆေးတချို့က အစိမ်းရောင်ဆီးသွားစေသကဲ့သို့ ကညွတ်အမြောက်အမြားစားသုံးခြင်းကလည်း ဆီးအရောင်ကို စိမ်းဖန့်ဖန့်ဖြစ်စေသည်။
- ဦးနှောက်နှင့်အာရုံကြောရောဂါရှိသူ၏ဆီးသည် မာပယ်လ်ပန်းရနံ့ထွက်လေ့ရှိပြီး ဆီးချိုရောဂါဝေဒနာသည်၏ ဆီးသည် အချိုနံ့ထွက်သည်။

**"ဆီး၏ မူလအရောင်မှာ ကောက်ရိုးဝါရောင်ဖြစ်သည်။ ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးဖြူခြင်း၊ ဆီးနည်းခြင်း၊ အနည်ပါခြင်း၊ သွေးပါခြင်း၊ ဆီးကျန်ခြင်း၊ ဆီးကြောတင်းခြင်း၊ ဆီးသွားမရခြင်းတို့သည် ဆီးအိမ်မသန့်ရှင်းခြင်း၏ လက္ခဏာများဖြစ်သည်။ ဆီးထဲသွေးပါခြင်းသည် ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ ဆီးအိမ် သို့မဟုတ် ဆီးကျိတ်တွင် ပိုးဝင်ပြီး ရောင်ရမ်းခြင်းတို့ကြောင့်ဖြစ်သည်။ ဆီးအောင့်ခြင်းနှင့် ဆီးကျဉ်ခြင်းများလည်း ဖြစ်လာနိုင်သည်။ မနာကျင် မကိုက်ခဲသော်လည်း ဆီးထဲသွေးပါခြင်းကို မပေါ့ဆသင့်ပေ. . ."**

- ဆီးတွင် အနည်(အနှစ်) ပါသူနှင့် ဆီးကျောက်တည်သူများသည် တစ်ရက်လျှင် ရေသုံးလီတာခန့်သောက်သင့်ပြီး ကွမ်းလုံးဝမစားသင့်ပေ။

**ကျောက်ကပ်ပျက်စီးစေသောအစားအစာများ**

ကျောက်ကပ်ပျက်စီးစေသော အဆိုးရွားဆုံးအစားအစာများမှာ ပူစပ်သောအစားအစာများ၊ ရေခဲရေ၊ အနီရောင်အသား၊ ဆား၊ ငရုတ်ကောင်း၊ တညင်းသီး၊ ပြုပြင်ပြောင်းလဲထားသော အရန်သင့်သစ်သီးဖျော်ရည်၊ ပြုပြင်ပြောင်းလဲထားသော ဓာတုအချို သရေစာအမျိုးမျိုး၊ အချိုမှုန့်၊ အသားမှုန့်အမျိုးမျိုး၊ ဆိုဒါနှင့် အဖျော်ယမကာများ၊ အထူးသဖြင့် ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော နို့ထွက်ပစ္စည်းအမျိုးမျိုး၊ ကဖိန်းဓာတ်လွန်ကဲသော ကော်ဖီ၊ လက်ဖက်ရည် စသည်တို့ဖြစ်သည်။

**ကျောက်ကပ်ကို ကောင်းကျိုးဖြစ်စေသောအစားအစာများ**

အနီရောင်ပန်းငရုတ်ပွ၊ ကန်စွန်းရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပန်းသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ချဉ်စော်ကားသီး၊ စတော်ဘယ်ရီအပါအဝင် ဘယ်ရီသီးအမျိုးမျိုး၊ ချယ်ရီသီး၊ အနီရောင်စပျစ်သီး၊ အဖြူရောင်ကြက်ဥအကာရည်၊ Omega-3 Fatty acid ကြွယ်ဝသော ပင်လယ်ငါးများ၊ သံလွင်ဆီ၊ မြင်းခွာရွက် စသည်တို့သည် ကျောက်ကပ်ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာများဖြစ်သည်။

အထူးသတိပြုရန်မှာ ဆီးသွားသည့်အခါ ဆီးများ ကုန်စင်သွားသည်အထိ စိတ်ရှည်ရှည်စွန့်ထုတ်ရန်လိုအပ်ပြီး ဆီးကျန်ခြင်းကြောင့် မလိုလားအပ်သော နောက်ဆက်တွဲရောဂါများမဖြစ်စေရန် ကြက်သွန်ဖြူပြုတ်ရည်ကို ဆေးနည်းတိုအဖြစ် သောက်သုံးနိုင်ကြောင်းနှင့် နေ့စဉ်ဘဝတွင် ချဉ်စော်ကားသီးအခြောက် သို့မဟုတ် သံမနိုင်ကျောက်မနိုင်ပင်မှအရွက်ခြောက်ကို ရေနွေးကြမ်းထဲတွင် ခတ်သောက်ခြင်း၊ ဒန့်သလွန်သီးဟင်းမကြာခဏချက်စားခြင်းတို့ကလည်း ဆီးကွင်းဆီးကျန်မရှိစေတော့ဘဲ ကျောက်ကပ်နှင့် ဆီးအိမ်ကျန်းမာရေးကို လွန်စွာကောင်းကျိုးပြုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

# ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းကျော်တင်ပို့ထား



ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံမှထွက်ရှိသော ပြောင်းများကို ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးအပြင် ပင်လယ်ရေကြောင်းမှ ပြည်ပသို့ ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

"အခုဘဏ္ဍာနှစ်စကနေ လက်ရှိအချိန်ထိ ပြည်ပကို ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းကျော်တင်ပို့ထားပါတယ်။ အဓိကတင်ပို့တာက ထိုင်း၊ အိန္ဒိယနဲ့ ဖိလစ်ပိုင်နိုင်ငံတွေကိုတင်ပို့ပါတယ်" ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းကပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် ပြောင်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ပြီး ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ပါ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိက ထိုင်းနိုင်ငံကိုတင်ပို့တဲ့ ကာလတော့မဟုတ်သေးဘူး။ ဒါပေမဲ့ အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ တခြားနိုင်ငံတွေက အမှာများနေတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိကတော့ မိုးသီးနှံစိုက်ပျိုးရာသီမှာ စိုက်ထားတဲ့ပြောင်းတွေထွက်နေဆဲအချိန်ပါ။ ပြည်ပတင်ပို့မှုများတာကြောင့် ဈေးကောင်းဆက်ရနေပါတယ်" ဟု ဦးသန့်ဇင်ထွန်းကပြောသည်။

လက်ရှိတွင် ပြောင်းကို ပြည်ပနိုင်ငံများသို့ တင်ပို့နေရသည့်အပြင် ပြည်တွင်းအစာစပ်လုပ်ငန်းများကလည်း ဝယ်ယူမှုများနေကြောင်း၊ ထိုင်းနိုင်ငံမှ မြန်မာ့ပြောင်းကို ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားလေ့ရှိ၍ ယင်းကာလအတွင်း အများအပြားတင်ပို့လေ့ရှိကြောင်း၊ လတ်တလောတွင် ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့ချိန်နီးကပ်လာပြီဖြစ်၍ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်နေကြောင်း သိရသည်။ **ဝါဝါ**

## အောင်မြင်မှုရရှိခဲ့သော ရှမ်းပြည်နယ်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**တောင်ကြီး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိမြို့တော်ခန်းမ၌ ဒီဇင်ဘာလ ၂၂ ရက်နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိခဲ့သော ရှမ်းပြည်နယ် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုအကြိမ်ကျင်းပခဲ့သည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ရှမ်းပြည်နယ် အနေဖြင့် အားကစားနည်း ၂၃ နည်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်း ၁၈ နည်းတွင် အောင်မြင်မှုများစွာရရှိခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုတွင် အဆင့်(၂) ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ရှမ်းပြည်နယ်အသင်းနှင့် ပါဝင်ကူညီလှူဒါန်းပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရွှေ ငွေ ကြေး ဆုတံဆိပ်များ အသီးသီးရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ၎င်းနောက် ဆုရအားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

၂၀၂၄ ခုနှစ်ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ရှမ်းပြည်နယ်အားကစားသမားများ အနေဖြင့် ရွှေတံဆိပ် ၂၇ ခု၊ ငွေတံဆိပ် ၃၂ ခုနှင့် ကြေးတံဆိပ် ၄၁ ခု စုစုပေါင်းဆုတံဆိပ် ၁၀၀ ရရှိကြောင်း သိရသည်။ (၄၀၅)

## ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၂**

ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံအမျိုးသား ဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၂၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်လာစေရန်၊ အားကစားသမားများ အချင်းချင်းချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန်၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားတတ်စေရန်နှင့် ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်ကအားထားရမည့် ထူးချွန်ထက်မြက်သောမျိုးဆက်သစ်အားကစားသမားကောင်းများပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံ ပါဝင်သော ညွှန့်ပေါင်း(က)အသင်းနှင့်ညွှန့်ပေါင်း(ခ)အသင်းတို့ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ညွှန့်ပေါင်း(ခ)အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်းသိရ သည်။

**ဘာမီသာ(ပခုက္ကူ)**

## VRFP စီမံကိန်းလုပ်ငန်းများစစ်ဆေး



**မြဝတီ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကုန်းမလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျပြည့်စုံစွာ ဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကုန်းမလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကုန်းမလေးကျေးရွာ၌ VRFP စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀ သန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပဋ္ဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား ကိုးဦးကို ငွေကျပ် ၁၁၁ သိန်း ထုတ်ချေးထားကြောင်း သိရသည်။

**ကိုသက်**

### ညီညာဆောင်ထမ်းကြတော့သည်

* သားငါးထွက်တိုး၊ ပြည်ကျိုးမှန်လှစွာ
အားထားဆက်ကြိုး၊ သယ်ပိုးကြံဆကာ
စားရေရိက္ခာ၊ ဖြာဖြာသွန်းလှစ်
တစ်ပိုင်တစ်နိုင်၊ စီးပွားမြိုင်
တူပြိုင်လုံ့လ သစ်သည်နှင့်လေး။

* မသွေစနစ်၊ ရင်းမြစ်တိုးတက်ကာ
ရွှေမြေတစ်ခေတ်၊ လင်းသစ်ဖြိုးလက်မှာ
ခြိုးခြံချွေတာ၊ ညီညာထူမတ်
အေးမြအတူ၊ ဖေးမကူ
ကြည်ဖြူလမ်းမှန် ရပ်သည်နှင့်လေး။

* ကြံရည်ရွယ်လတ်၊ မရပ်မနားချီ
မြန်ပြည်နယ်စပ်၊ မလပ်မခြားပြီ
စွမ်းအားမျှညီ၊ ပွားစည်လူထု
ဆေးချက်ပီပြင်၊ နတ်ပန်းသွင်
ဝေလွင်သီးပွင့် စုသည်နှင့်လေး။

* ကြီးပွားကြောင်းပြု၊ လူထုပြုံးရိပ်ကြွယ်
စီးပွားပေါင်းစု၊ ပူမှုသုဉ်းဆိတ်ကွယ်
ကူးသန်းကုန်သွယ်၊ ရောင်းဝယ်ဖွံ့ဖြိုး
တံခါးဖွင့်မှု၊ ငွားစွင့်လူ
ညီတူပွားစီး တိုးသည်နှင့်လေး။

* ခွန့်ကျိုးရှည်ကြာ ကြည်သာစွာ
စည်ဖြာအောင်ပန်းလှတော့မည်။
ဖွံ့ဖြိုးဝေဆာ ပြည်သာယာ
ညီညာဆောင်ထမ်းကြတော့သည်။ ။

**ရဲခေါင်**

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၂၄(တနင်္ဂနွေ)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၆:၀၃ တရားတော်
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ သီချင်းလက်ဆောင်
၆။ ၉:၂၅ ကျန်းမာသုတ
၇။ ၁၀:၁၅ စာဆိုစိတ်သည် ကလောင်ရှင်များ
၈။ ၁၀:၂၅ မေးမြန်းစူးစမ်း
၉။ ၁၀:၅၀ တစ်ချိန်ကသူတို့အကြောင်း
၁၀။ ၁၂:၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၁။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၂။ ၁၆:၄၅ ကိုယ်လက်လှုပ်ရှား အားကစား
၁၃။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၄။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ နိဗ္ဗာနသစ္စိကိရိယာစ**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၁၂-၂၀၂၄(တနင်္ဂနွေ)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

# ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ်ထုတ်ဝေ




**ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပို့စကတ် (၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။**

**အဆိုပါ ပို့စကတ်(၄) မျိုးအား "မာရဝိဇယ တန်ဆောင်တိုင်မီးပုံးပျံ လွှတ်တင်ပွဲ၊ ကျောက်ဆည်မြို့ ရိုးရာဆင်အကပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မလှိုင်မြို့ရှိ ထီးလုပ်ငန်း" ဓာတ်ပုံများဖြင့်ထုတ်ဝေခဲ့ပြီး ပို့စကတ် တစ်ခုလျှင် ၅၅၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။**

# မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန် ပေးအပ်လိုက်သည်။

# အစိုးရရုံးပိတ်ရက်နှင့်အများပြည်သူ အလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တစ်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေ နိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန် နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက် များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက် (တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့) တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်၊** (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့် နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့) နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

အထက်ပါ ပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပေးသည့် ရုံးပိတ် ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။ ပထမရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့ သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)၊** ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက်(စနေနေ့)နှင့် မတ်လ ၂၉ ရက်(စနေနေ့)၊** တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက်(စနေနေ့)၊** စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်(စနေနေ့)**တို့ကို အစားထိုးရုံး တက်ရက်များအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်း ပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်သူ့ စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/၂၀၂၄) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက် ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်း ကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)အား ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့ သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့်အုပ်ချုပ်မှု ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄) သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်စဉ်။

# လယ်ဝေးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က လယ်ဝေးမြို့၊ ပုံ့ချီ ကျေးရွာရှိသီရိပုံ့ချီကျောင်းတိုက်၌ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ ရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့်ဒေသခံ ပြည်သူ ၁၁၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ် ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း များဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိ ပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက် ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေး ခဲ့သည်။


ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာလ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင် ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ) တို့သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/ဇလ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းခဲ့ကြသည်ကို လေးစားဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ်၊ ရေဆင်းဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ်တက္ကသိုလ်ကြီးဖြစ်ကြောင်းကိုပြောလိုကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ်သည်လည်း နိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ်များကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့်စိုက်ပျိုးရေးပညာသင်ကြားမှုအစပြုခဲ့သည်မှာ နှစ်(၁၀၀)ပြည့်မြောက်သည့်နှစ်ဖြစ်သဖြင့် အင်မတန်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

စိုက်ပျိုးရေးကောလိပ် စတင်ဖွင့်လှစ်ချိန်၌ **“၃ နှစ် စိုက်ပျိုးရေး ဒီပလိုမာ”** အောင်လက်မှတ်ချီးမြှင့်သည့်အဆင့်မှ ဥပစာတန်းအောင်မြင်သူများ (၂)နှစ်တက်ရောက်နိုင်သည့်သိပ္ပံဘွဲ့(စိုက်ပျိုးရေး) B.Sc(Agri)၊ သိပ္ပံဘွဲ့(ပိုးမွေးမြူရေး)B.Sc (Sericulture)တို့ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးကစပြီး စိုက်ပျိုးရေးပညာဘွဲ့ (Bachelor of Agri-culture)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့(Bachelor of Agricultural Science)တို့ကို အပ်နှင်းခဲ့ကြောင်း၊ လက်ရှိအချိန်၌ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပြင် တိုးတက်ပြောင်းလဲလာနေသည့်ခေတ်နှင့်အညီ သင်ကြားပေးနိုင်ရေး သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ သုတေသနများကို နိုင်ငံတကာရှိတက္ကသိုလ်များအဆင့်နှင့်ကိုက်ညီအောင် ပြုပြင်မွမ်းမံသင်ကြားပေးနေပြီး စိုက်ပျိုးရေးနှင့်နီးနွယ်သော ပညာရပ်ဆိုင်ရာဘွဲ့များ တိုးချဲ့သင်ကြားပေးနေသည့်အတွက် အလွန်အားရဖွယ်အနေအထားဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်ကအားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ(၁၃၁၉၇)ဦး၊ မဟာသိပ္ပံဘွဲ့ရ(၆၇၃)ဦး၊ ပါရဂူဘွဲ့ရ(၈၅)ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရ(၇၀)ဦးနှင့် မဟာဒဿနဘွဲ့ရ(၁၁)ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံ့အတွက် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်ကိုယူပြီးချိန်တွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”**နှင့် **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”** ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်းစားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧကစုစုပေါင်း (၃၃)သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကို တိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ကြသည့်နေရာတွင် စိုက်ပျိုးရေးပညာရှင်များ၏အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်နေသည့် အခြားဆက်စပ်ကဏ္ဍများကပညာရှင်များဖြင့် ချိတ်ဆက်လုပ်ဆောင်မှုသည်လည်း အရေးကြီးကြောင်း။

ထိုသို့ ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရေး တက္ကသိုလ် စတင်တည်ထောင်စဉ်ကာလတွင် **“သင်ကြားရေးနှင့်သုတေသန”**ဟူသည့် လုပ်ငန်းနယ်ပယ်(၂)ရပ်ကို ဦးစားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် **“သင်ကြားရေး၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေး”** ဟူသည့် လုပ်ငန်းစဉ်ကြီး(၃)ရပ်အဖြစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံး အသက်မွေးဝမ်းကျောင်းပြုနေကြသည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၂ သို့ ★

★ **စာမျက်နှာ ၁၁ မှအဆက်**

ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး ဦးစားပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေစိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပြီးအသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးသည့် ယခင်စိုက်ပျိုးရေးသိပ္ပံကျောင်းများအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့်အထက်တန်းကျောင်း(၈၅)ကျောင်းကိုလည်း နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း သတ်မှတ်အရည်အချင်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး စိုက်ပျိုးရေးပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်က အားထုတ်ဆောင်ရွက်နေကြသည်ကို သိရှိရသည့်အတွက် ကျေနပ်အားရဖြစ်မိကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ အရေးပါမှုကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် အစိုးရအဆက်ဆက်သည် တက္ကသိုလ်၏ အထင်ကရအထိမ်းအမှတ်နှစ်များတွင် အထင်ကရအဆောက်အဦများဆောက်လုပ်ပြီး မှတ်တမ်းတင်ဂုဏ်ပြုခဲ့ကြကြောင်း၊ စိန်ရတုနှစ်ဖြစ်သည့် ၁၉၉၉ ခုနှစ်တွင် ဂုဏ်ကျက်သရေတင့်တယ်သည့် စိန်ရတုဓမ္မာရုံနှင့်သေသပ်လှပသည့် စိန်ရတုအစည်းအဝေးခန်းမ၊ တက္ကသိုလ်နှစ်(၉၀)ပြည့်သည့် ၂၀၁၄ ခုနှစ်တွင် ခမ်းနားထည်ဝါသည့် တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမကို တည်ဆောက်မှတ်တမ်းတင်ပေးခဲ့ကြောင်း၊ ယခုတက္ကသိုလ်နှစ်(၁၀၀)ပြည့်အခါသမယတွင် နိုင်ငံတကာအဆင့်မီ ရာပြည့်ခန်းမအဆောက်အဦကြီးကို အထင်ကရသမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ပြုချီးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အလွန်ဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း၊ တည်ဆောက်ပေးခဲ့သည့် အဆောက်အဦများကို တန်ဖိုးရှိစွာအသုံးပြုနေကြဆဲဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ရာပြည့်ခန်းမအဆောက်အဦကိုလည်း ပညာရပ်ဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြု စားရေရိက္ခာပြည့်စုံဖူလုံစေရေးဆောင်ရွက်နေကြသည့်စိုက်ပျိုးရေးပညာရှင်မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ မွန်မြတ်လှပြီး အတ္တနှင့်ပရအကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း မျှဝေပေးပြီး အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံဆက်လက်လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်တွင်တက်ရောက်ပညာသင်ကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် အခြားသောဌာနနှင့် နယ်ပယ်အသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ထမ်းရွက်ခဲ့ကြသည့် ပညာရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေဆဲပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် စိုက်ပျိုးရေးအကျိုးကိုဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအကျိုးဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ကြရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။

ဆက်လက်၍လည်း တက္ကသိုလ်ကြီး၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် စားရေရိက္ခာထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးထုတ်လုပ်သူများအကျိုး၊ တိုင်းပြည်အကျိုး၊ သဘာဝပတ်ဝန်းကျင် တည်တံ့စေရေးအကျိုးတို့ကိုရည်သန်ပြီး ရှေ့ဆောင်လမ်းပြလုပ်ဆောင်နိုင်ကြစေရန်၊ နိုင်ငံတွင်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာနှင့် လူသားအရင်းအမြစ်ဆိုင်ရာအခြေခံကောင်းများ၏အားသာချက်ကိုသိရှိပြီး ထိထိရောက်ရောက်အသုံးချနိုင်သကဲ့သို့ အားနည်းချက်များကိုသတိပြုမိပြီး ပညာရှင်များပီသစွာ ပြုပြင်ဖြည့်စွမ်းပေးနိုင်ကြရန်လိုကြောင်း။

**"စိုက်ပျိုးပညာ၊ ပြည်ရွာဖွံ့ဖြိုး"**ဟူသည့် တက္ကသိုလ်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်ပြည်ရွာအကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်မည့် ထူးချွန်သည့် စိုက်ပျိုးရေးပညာရှင်များမွေးထုတ်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကြီး ရာပြည့်နှစ်အချိန်ကာလမှသည် ကမ္ဘာတည်သရွေ့ ဆက်လက်အဓွန့်ရှည် တည်တံ့စေရေး ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်ကောင်းအောင်နိုင်တိုးစပါး Yezin Super Rice (YSR-1) စပါးမျိုးထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဂုဏ်ပြုဆုအားပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တက္ကသိုလ်ရာပြည့်သဘင်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှအငြိမ်းစား ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

# ရွှေတောင်မြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ၃၃၀၁၇ ဧကစိုက်ပျိုးပြီးစီး

ရွှေတောင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ဒေသခံတောင်သူများသည် ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံဖြစ်သော မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်ပဲ၊ ပဲနောက် ၃၃၀၁၇ ဧကလျာထားစိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲမျိုးစုံ လျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေတောင်မြို့နယ် ဒေသခံတောင်သူများ ဆောင်းသီးနှံစိုက်ပျိုးရာတွင် အဆင်ပြေစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စေရေးအတွက် စိုက်ပျိုးနည်းပညာများဖြင့် လက်တွေ့သရုပ်ပြသခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများကို အချိုးအစားကျကျသုံးစွဲနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရွှေတောင်မြို့နယ်အတွင်း ဆောင်းသီးနှံပဲမျိုးစုံစိုက်ပျိုးရာတွင် မတ်ပဲ ၂၀၀၅၃ ဧက၊ ထောပတ်ပဲဧက ၄၂၁၀၊ ကုလားပဲ ၂၄၂ ဧက၊ ပဲလွမ်းဧက ၂၀၇၀၊ ပဲကြီးဧက ၁၈၈၀၊ ပဲတီစိမ်း ၈၃၂ ဧက၊ ဗိုလ်ကိတ်ပဲ ၃၂၀၅ ဧက၊ ပဲနောက် ၅၂၅ ဧက စုစုပေါင်း ၃၃၀၁၇ ဧကကို စိုက်ပျိုးပြီးစီးခဲ့သည်။ ရွှေတောင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံစေရေးနှင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာ၊ မြေပဲနှင့် စားဖိုဆောင်သီးနှံများကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# လူသားနှင့်ရင်းမြစ်ကမ္ဘာ

## လမင်းသန်း

ကမ္ဘာလောကကြီးမှ ထောက်ပံ့သော အရင်းအမြစ်များ၏ အကန့်အသတ်ရှိနေသည့် **"ရင်းမြစ်ထောက်ပံ့နိုင်စွမ်း"**(Carrying Capacity) သဘောကို လူသားတို့နားလည်အပ်ပေသည်။ ရင်းမြစ်များတွင် ကုန်ခန်းရင်းမြစ်၊ သံသရာမဲ့ရင်းမြစ် (Non–Renewable Resources) နှင့် မကုန်ခန်းနိုင်သော ရင်းမြစ်၊ သံသရာရှိရင်းမြစ် (Renewable Resources) စသည်ဖြင့် အခြေခံပုံစံနှစ်ရပ်ရှိပါသည်။ ၎င်းတို့တွင် လေထု၊ ရေထု၊ သစ်တော စသည့် သံသရာရှိရင်းမြစ်များသည်ပင် သန့်ရှင်းသော၊ ကောင်းမွန်သော၊ စဉ်ဆက်မပြတ်ဖြစ်သော ရင်းမြစ်များဖြစ်ရန် အကန့်အသတ်များရှိနေသည်။

ရင်းမြစ်များသုံးစွဲမှုတွင် လူသားတို့၏အမူအကျင့်များသည် အခြေခံလိုအပ်ချက်မှသည် လိုချင်မှုလောဘ၊ လိုဘ ( Need to Want Behavior) သို့ ပြောင်းခဲ့ကြလေသည်။ စားဝတ်နေရေးထက်ပိုမိုသော အပိုစည်းစိမ်၊ အပိုသုံးစွဲမှု၊ အပိုပိုင်ဆိုင်မှုတို့ဖြစ်ခဲ့ချေပြီ။ **"အကန့်အသတ်ရှိသော ရင်းမြစ်ကမ္ဘာ"** နှင့် **"အကန့်အသတ်မရှိသော လူသားလောဘ"** ၎င်းတို့၏အားပြိုင်မှုသည် အခြားသော လေ့လာမှုနယ်ပယ်များတွင်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်တစ်ရပ်အဖြစ်လည်း ရောက်ရှိလာခဲ့ပါသည်။

ရှေးကာလများ၌ ပတ်ဝန်းကျင်ရင်းမြစ်များအပေါ် ရိုးရာစွဲအမြင် (Traditional View) ရှိခဲ့ပြီး သုံးမကုန်ဖြုန်းမကုန် ယူဆချက်အား **"နွားကျောင်းသားအမြင်"** (Cowboy View) ဟုတင်စားခဲ့ကြသည်။ နွားကျောင်းသားတို့သည် နွားများအတွက် စားကျက်ချရာတွင် ဒီစားကျက်ပြီးနောက် စားကျက်တစ်ခုပြီးတစ်ခုအသုံးပြု၍ စားကျက်ချဲ့ခြင်းတွင် မကုန်နိုင်မခန်းနိုင် အစဉ်အမြဲအဆင်ပြေနေမည် ယူဆခြင်းနှင့် ဖြစ်လာမည့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများသည်လည်း အလိုအလျောက်ပြုပြင်သွားမည့် စွမ်းရည်(Assimilative Capacity) ရှိလိမ့်မည်ဟူသော ယူဆချက်ကို နွားကျောင်းသားအမြင်ဟုဆိုလိုခဲ့သည်။ စီးပွားရေးရပ်ဝန်းတွင် ၎င်းကို နွားကျောင်းသားစီးပွားရေး (Cowboy Economy) ဟု ခေါ်ဝေါ်ခဲ့ကြပြီး ကုန်စည်နှင့်ဝန်ဆောင်မှုတွင် အသုံးပြုကြသည့် ကုန်ကြမ်းရင်းမြစ်များသည် အကန့်အသတ်မရှိ အလိုရှိတိုင်းရရှိနေနိုင်မည်ဟု **"အကန့်အသတ်မဲ့ ရင်းမြစ်ဖြစ်ခြင်း"** (Limitless Resource) အတွေးအမြင်ဖြစ်ပါသည်။

ခေတ်သစ်အမြင်တွင် အသုံးပြုရင်းမြစ်များသည် အကန့်အသတ်ရှိခြင်း၊ အချိန်တစ်ခုတွင် ကုန်ခန်းလာမည်ဖြစ်ခြင်းနှင့်အတူ ကြွင်းကျန်သက်ရောက်မှုနှင့် အညစ်အကြေးစွန့်ထုတ်မှုတို့အပေါ် ထိန်းချုပ်စီမံရမည်ဖြစ်ခြင်းဟူသော **"အာကာသယာဉ်အတွေးအမြင်"** ( Spaceship Earth View) ဖြစ်လာခဲ့ပါသည်။ ကမ္ဘာကြီးအား အာကာသယာဉ်ပျံကြီးတစ်စင်း အဖြစ်တင်စားချက်ဖြစ်ပြီး ယာဉ်ပျံပေါ်ရှိ စားသောက်နေထိုင်မှုအစီအစဉ်များသည် ယာဉ်အတွင်းတွင်သာ ဆောင်ရွက်ရသောစနစ် ( Closed System ) ဖြစ်ခြင်း၊ အညစ်အကြေးနှင့်စွန့်ပစ်ပစ္စည်းများအား ရှင်းလင်းဆောင်ရွက်ရန်အပြင် လောကမရှိခြင်း၊ "ယာဉ်ပျံတွင် လိုက်ပါကြသော ကမ္ဘာသူကမ္ဘာသားတိုင်းသည် ခရီးသည်များမဟုတ် အားလုံးသည် ယာဉ်အမှုထမ်းများဖြစ်ကြသည်" ဟူသော ယူဆချက်အတွေးအမြင်ဖြစ်ပါသည်။

❑ **အများပိုင်ရင်းမြစ်များတွင် "ငါတို့ပိုင်သည်၊ ငါတို့ဆိုင်သည်" ၏ နောက်ကွယ်တွင် "ငါတို့ဝိုင်းဝန်းစောင့်ရှောက်အပ်သည်" ဟူသော အသိအမြင်များရှိရန် လိုအပ်ခြင်းနှင့်အတူ "အများပိုင်မှ ပုဂ္ဂလိကပိုင်ခြင်း" (Public to Private Owned) မူဝါဒများထွန်းကားရန်လည်း လိုအပ်...**

သဘာဝရင်းမြစ်များနှင့်ပတ်သက်ပြီး လူတို့၏ ပြုမူချက်ဆိုင်ရာ ပြဿနာများလည်းရှိနေပါသည်။ ရင်းမြစ်ယိုယွင်းခြင်းပြဿနာများသည် "အများပိုင်ရင်းမြစ်များ"(Open Access Resources )တွင် အများဆုံးတွေ့ရှိရသည်။ အများပိုင်ရင်းမြစ်ပုံစံများတွင် ကျွဲနွားစားကျက်မြေများ၊ ငါးဖမ်းဧရိယာများ၊ အစိုးရပိုင်သစ်တောများ၊ ပြည်သူပိုင်လမ်းများ စသည်တို့မှာ ထင်ရှားသော ဥပမာများဖြစ်ပါသည်။ အများပိုင်ဖြစ်သည့်အတွက် အများမှထိန်းသိမ်းစောင့်ရှောက်ရမည့်အစား "ငါလည်းပိုင်သည်၊ ငါလည်းဆိုင်သည်" ဟူသော အတွေးဆိုးဖြင့် "ငါတို့ ဝိုင်းဝန်းဖျက်ဆီးလိုက်ကြခြင်း" ဖြစ်စဉ်များသာ မင်းမူခဲ့ပြီး "အများပိုင်ပြဿနာ" (Open Access Problem) ဖြစ်လာရပေသည်။

အများပိုင်ရင်းမြစ်တို့နှင့် ယှဉ်တွဲလျက် ဘူးလေးရာဖရုံဆင့် ပြဿနာအစဉ်မှာ လူသားတို့၏ အပြုအမူ **"လှေကြုံ၊ လှည်းကြုံစီးခြင်းပြဿနာ သို့မဟုတ် ရေသာခိုခြင်းပြဿနာ"** ( Free Rider Problem) ဖြစ်ပါသည်။ အခါတစ်ပါးတွင် တိုင်းပြည်အုပ်ချုပ်သောမင်းတို့မှ တိုင်းသူပြည်သားတို့၏ ကျင့်ဝတ်သိက္ခာပိုင်း စမ်းသပ်ချက်တစ်ခုပြုလုပ်ခဲ့လေသည်။ ပြည်သူပြည်သားအသီးသီးမှ နန်းတော်ရှေ့ရှိ စဉ့်အိုးကြီးတွင် တစ်ဦးလျှင် နွားနို့တစ်မြူထည့်ဝင်ပေးရန် တာဝန်သတ်မှတ်မှုဖြစ်သည်။ လူအများဆောင်ရွက်ကြမည့် နွားနို့တစ်မြူထည့်ဝင်ခြင်းတွင် မိမိတစ်ယောက်တည်းပျက်ကွက်ခြင်းဖြင့် အများသို့အကျိုးသက်ရောက်ခြင်းမရှိလောက်ဟူသော ပြည်သူပြည်သားတို့ဘက်မှ အတွေးအမြင်တို့ဖြင့် တာဝန်ကျနွားနို့တစ်မြူအစား ရေတစ်မြူသာထည့်ဝင်ကြလေသည်။ ၎င်းအတွေးသည် ပြည်သူအသီးသီးသို့ ကူးစက်ပြီး ပြည်သူအများမှ နွားနို့အစားရေကိုသာ ထည့်ဝင်ကြလေရာ ဘုရင်မင်းတို့စစ်ဆေးသည့်ကာလတွင် နွားနို့စဉ့်အိုးအစား ရေစဉ့်အိုးသာတွေ့ရခြင်းဖြစ်ပေ၏။ ၎င်းနွားနို့အိုးဥပမာသည် အများဆိုင်ကိစ္စတို့တွင် မိမိတို့တစ်ဦးတစ်ယောက်တည်းသည် အရေးမပါနိုင်၊ မသက်ရောက်နိုင်ဟူသော လူသားတို့၏ ရေသာခိုတတ်ခြင်းပြဿနာဖြစ်ပေသည်။

ရင်းမြစ်တို့အား ချွေတာခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းအစီအစဉ်များတွင် လျှော့ချခြင်းဓလေ့ (Reduce Output/ Reduce Consumption)၊ အများဆုံးမဟုတ် အနည်းဆုံးဓလေ့ (Minimization not Maximization) စသည်တို့ ထွန်းကားအပ်ပေသည်။ အထူးအားဖြင့် အများပိုင်ရင်းမြစ်များတွင် "ငါတို့ပိုင်သည်၊ ငါတို့ဆိုင်သည်" ၏နောက်ကွယ်တွင် "ငါတို့ဝိုင်းဝန်းစောင့်ရှောက်အပ်သည်" ဟူသော အသိအမြင်များရှိရန် လိုအပ်ခြင်းနှင့်အတူ **"အများပိုင်မှ ပုဂ္ဂလိကပိုင်ခြင်း"** (Public to Private Owned) မူဝါဒများထွန်းကားရန်လည်း လိုအပ်လှပါသည်။

လူသားတို့သည် အထွေထွေသော အသိအမြင်များတွင် တည့်မတ်မှန်ကန်သောအသိ(Knowledge) ရှိရပါမည်။ ၎င်းနှင့်အတူ ကောင်းမွန်သော အပြုအမူ (Behavior)နှင့် စိတ်နေစိတ်ထား (Attitude)၊ လိုက်ပါဆောင်ရွက်လိုမှု (Awareness)နှင့် အလေ့အကျင့် (Practice) စသည်တို့ဖြင့် "အသိနှင့်အလုပ်" မျှခြေဖြစ်ရန်လိုအပ်ပါသည်။ အကြောင်းမူ လူသားတို့သည် သိမြင်တိုင်း နောက်ဆက်တွဲ အပြုအမူကောင်းများ၊ အလေ့အကျင့်ကောင်းများ လိုက်ပါဆောင်ရွက်မှုအားနည်းတတ်ပေသည်။ သို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကျင့်ဝတ်၊ နီတိများအား လူတို့၏အလွှာအသီးသီးတွင် ပေါင်းစပ်ထားရှိရပါမည်၊ စည်းကမ်းသတ်မှတ်ချက်တို့အား လိုက်နာစေမှုတို့အတွက် အတုယူအားကျဂုဏ်ယူမှုဖြစ်ရန်၊ ချိုးဖောက်မှုတို့အတွက် အရေးယူမှုရှိရန် စသော **"လက်တစ်ကမ်းထိန်းကျောင်းသည့်စနစ်"** (Prompting System) များထားရှိရပါမည်။ ၎င်းပြုမူချက်တို့သည် တစ်ဦးတစ်ယောက်မှ အများဆီသို့ **"ဝတ်မှုန်ကူးသည့်သဘော"** (United Under One Approach) ရှိခြင်းကြောင့် စံနမူနာဖြစ်ခြင်းရလဒ်ကို ရရှိစေပါမည်။

အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် မူဝါဒဆိုင်ရာပံ့ပိုးမှုနှင့် အသုံးပြုပစ္စည်းဆိုင်ရာ ပံ့ပိုးမှုများအားကောင်းစေရပါမည်။ မူဝါဒပိုင်းတွင် မက်လုံးပေးခြင်းပုံစံများ၊ ညစ်ညမ်းစေသူမှ ပေးချေရန်စနစ်များ (Polluter Pay Principle–PPP)မှာထင်ရှားပါသည်။ ပစ္စည်းဆိုင်ရာပံ့ပိုးမှုတွင် ဆောင်ရွက်လိုမှုအားဖန်တီးခြင်း (Creating an intention to act) ဖြစ်ပါသည်။ လူတို့အတွက် လက်တစ်ကမ်းတွင်လိုအပ်မည့် အမှိုက်ပုံးများထားရှိပေးခြင်း၊ မသုံးစွဲလိုသော တစ်ခါသုံးပလတ်စတစ်များနေရာတွင်အစားထိုးပစ္စည်းဖန်တီးပေးခြင်းပုံစံများဖြစ်ပါသည်။

လူသားတို့စောင့်ရှောက်အပ်သောတရား(၃)ပါးတွင် မိမိတို့ကိုယ်တိုင်မှအစ ကျင့်ဝတ်၊ နီတိ၊ အဆုံးအမတို့နှင့်အညီ နေထိုင်ခြင်း (ဗုဒ္ဓတ္ထစရိယာ)၊ မိမိတို့၏စွမ်းဆောင်ရည်တို့ဖြင့် လူမှုဝန်းကျင်အား ထောက်ပံ့စောင့်ရှောက်ခြင်း (ဉာတတ္ထစရိယာ)နှင့် လောကကမ္ဘာအားစောင့်ရှောက်ခြင်း (လောကတ္ထစရိယာ) စသည့် တရားတို့ရှိခဲ့လေသည်။ လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက် အချိန်နှင့်အမျှအမှီပြုနေသော လောကကမ္ဘာ သို့မဟုတ် ရင်းမြစ်ကမ္ဘာအား လူသားတို့မှ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတစ်ဦးတစ်ယောက်မှသည် ဝန်းကျင်အသိုက်အဝန်းတို့မှ ဝိုင်းဝန်းပါဝင်ကြရန် လိုအပ်လှပေသည်။ ။

# VDP စီမံကိန်းလုပ်ငန်းလွှဲပြောင်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးရိုင်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းလွှဲပြောင်းခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဇီးရိုင်းကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာအား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၅ သန်းကို အသုံးပြုကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများလွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။



**ချိုသန်းညွန့်(ကျေးလက်)**

# မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (၁၇) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ






**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို ၂၀၀၄ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုဆိုလျှင် နှစ်(၂၀) ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာရင်းပညာရပ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စံများကို လိုက်နာမှုပိုမိုအားကောင်းစေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုအစီအစဉ် (Continuous Professional Development – CPD Programme)ကိုဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရှိရကြောင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိ ဦးကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်က အမှာစကားပြောကြားသည်။ ယင်းနောက် ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြအတည်ပြုခြင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းများကို အတည်ပြုချက်ရယူခြင်းများကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိ ဦးသိန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြကြောင်းသိရသည်။

(၅၀၀)

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ တောင်တန်းမြေပြန့် မခွဲခြားဘဲ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဟိုပုံးမြို့နယ် ပုံးအယ်လမ်းခွဲမှ နမ့်ပေါ်ချော-ဟိုနား- နောင်မိုင်းပွန်- နားလော- လီမောလမ်းခွဲအထိ ၁၅ မိုင်အနက် ၅ မိုင် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ၅ ပေ Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၃၂၉ ဒသမ ၄၇၆ သန်းဖြင့် ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၆၉ မိုင် ၄ ဖာလုံ၊ အာမခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၈ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတားငါးစင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင် မိုင်းခွဲခြင်းလုပ်ငန်းနှစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်တွင်း၊ သာသနာရေးလုပ်ငန်းခြောက်ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းငါးခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်းခြောက်ခုတို့ကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁၃၉ ဒသမ ၉၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚C | / | ၂၉˚C |
| ရန်ကုန် | ၂၀˚C | / | ၃၁˚C |
| မန္တလေး | ၂၀˚C | / | ၂၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တွေ့ဆုံ သာသနိကအဆောက်အအုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး စေတီတော်တောင်ဘက်မုခ်ဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ရွှေတိဂုံစေတီတော်သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်ကို ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌တွေ့ဆုံရာ အလှည့်ကျသဘာပတိ ဦးထိန်ဝင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နေမှု၊ နိုင်ငံတော်အကြီးအကဲမှာကြားခဲ့သည့်လုပ်ငန်းလမ်းညွှန်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိသာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ (၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ၊ ဓမ္မပူဇနီယ၊ သံဃပူဇနီယပွဲတော်ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ပေါ်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်ထံမှညွှန့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များနာယူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၏ သံဃပူဇာအဖြစ် ဂေါတမမြတ်စွာဘုရားအားအမှူးထားပြီး ဆရာတော် သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၃၆ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့တွင်ရန်ကုန်မြို့နှင့်ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်း ကမ်းနားလမ်း ဆင်ခြေလျှောတံတားနှစ်စင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော Consultant အဖွဲ့မှ တာဝန်ရှိသူက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအပိုင်းလိုက်ဆောင်ရွက်နေမှုအခြေအနေတို့ကိုရှင်းလင်းတင်ပြပြီးတံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒလဘက်ခြမ်းရှိ ပင်မတံတား ရေလယ်တာဝါတိုင်(Pylon-1)သို့ ရေယာဉ်ဖြင့်သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အမီပြီးစီးရေး တည်ဆောက်သွားရန်တို့ကို မှာကြားသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားသည် ခေတ်မီလှပသော ဒီဇိုင်းဖြင့် ပုံစံထုတ်တည်ဆောက်ထားပြီး မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးတံတားများအနက် ရေလမ်းကင်းလွတ်အမြင့်အများဆုံးကြိုးဆိုင်းတံတားတစ်စင်းဖြစ်ပြီး ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားဘေးပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် မော်တော်ယာဉ်များ၏ ဆူညံသံများ အနှောင့်အယှက်မဖြစ်စေရေး အသံထိန်းနံရံများကို တံတားတစ်ဖက်တစ်ချက်တွင် တပ်ဆင်ထားသည့်အပြင် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအဆောက်အအုံတစ်ခု၊ တံတားအသုံးပြုခကောက်ခံရေးစခန်း (Toll Plaza)နှင့် တန်ပိုယာဉ်များ ထိန်းသိမ်းကြီးကြပ်ရန် Weight Bridge တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

(၅၀၀)

★ **ရှေ့ဖုံးမှအဆက်**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပမည့်တွဲ့နှင်းသဘင်ခန်းမသို့သွားရောက်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားမောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကိုကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တက္ကသိုလ် နှစ်(၁၀၀)ပြည့် သမိုင်းမှတ်တမ်းရုပ်သံဖိုင်အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin Super Rice (YSR-1) စပါးမျိုးထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဂုဏ်ပြုဆုအားပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူစဉ်။

**❖ နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်ကအားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ(၁၃၁၉၇)ဦး၊ မဟာသိပ္ပံဘွဲ့ရ(၆၇၃)ဦး၊ ပါရဂူဘွဲ့ရ(၈၅)ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရ(၇၀)ဦးနှင့် မဟာဒသသနဘွဲ့ရ(၁၁)ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရ . . .**

**❖ နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧကစုစုပေါင်း(၃၃)သန်းမှ အရေးကြီးသီးနှံများကိုဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကို တိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိ၊ ပန်းတိုင်ရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျသုံးသပ်ဆောင်ရွက်ရမည်ဖြစ်၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏတိုးတက်လာစေမည်ဖြစ် . . .**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပိုလျှံရေးအတွက်စိုက်ပျိုးရေးကိုအလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးဖို့ မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ်စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသည့်အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ဒေသအနှံ့တွင် ပျံ့နှံ့နေထိုင်နေကြခြင်းကြောင့် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့်လူသားစွမ်းအင်အရင်းအမြစ်များခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကိုဖြစ်စေကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



စိုက်ပျိုးရေးတက္ကသိုလ်၏ သမိုင်းမှတ်တမ်းကို လေ့လာကြည့်သည့်အခါ၌ ကိုလိုနီလက်အောက် ကျရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ရေခံမြေခံကောင်းကိုအသုံးချနိုင်ရန် အိန္ဒိယနိုင်ငံကို စိုက်ပျိုးရေးအတတ်ပညာသင်များ စေလွှတ်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းကာလတွင် ပညာသင်စေလွှတ်ခဲ့သူ (၄၀) ဦးအနက် (၁၉)ဦးသည် မိမိတို့နိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး (၂၁)ဦးမှာ အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သိရပါကြောင်း။

မိမိတို့နိုင်ငံ၏သီးနှံများကို နိုင်ငံတကာဈေးကွက်ဝင်စေရန် မိမိတို့၏မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသည်ကို လေ့လာသိရှိလာခဲ့ကြကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များရှိမှဖြစ်မည်ဆိုသည်ကို သတိပြုမိလာခဲ့ကြကြောင်း။

ထို့ကြောင့် လိုအပ်သည့်စိုက်ပျိုးရေးပညာရှင်များကိုမွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရကြောင်း၊ ယင်းကာလကတည်းက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် နိုင်ငံ၏ရေခံမြေခံကောင်းကို အသုံးချပြီး

**စာမျက်နှာ ၁၁ သို့**☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends the ceremony






Senior General Min Aung Hlaing watches performances at the opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University.

NAY PYI TAW December 22

Opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University of the Ministry of Agriculture, Livestock and Irrigation was held at the university this morning, graced by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present were SAC Joint Secretary General Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, invited guests, retired rectors and pro-rectors of the university, the rector, the pro-rector and professors, faculty members and students of the university, and officials.

First, SAC Joint Secretary General Ye Win Oo, Union Minister for ALI U Min Naung, Union Minister for Education Dr Nyunt Pe formally opened the Yarpyae (centennial) Thabin.



Senior General Min Aung Hlaing greets retired rectors and pro-rectors of Yezin Agricultural University.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing unveiled the stone plaque and stone pillar of the Yarpyae Hall by pushing a button, and then sprinkled scented water on the stone plaque. Attendees also sprinkled scented water on it.

The Senior General and attendees looked around the multiple purposed Yarpyae Hall.

On their way to the venue of the centennial ceremony of Yezin Agricultural University, the Senior General and attendees were welcomed by students standing in rows on both sides of the way.

At the ceremony, the Senior General and attendees watched a video clip on the history of the 100-year old university.

In his centennial speech, the Senior General said as for the majority of the country's people, agriculture is the main means to earn their living. Agriculture has direct relations with political and social affairs of the nation and is its main artery. In the time of ancient Myanmar monarchs, attention was paid to agriculture for social improvement and abundant food supply. It is common



Senior General Min Aung Hlaing visits a commemorative booth.

See Page - 19

●● From Page - 18

knowledge that governments throughout the successive eras adopted policies and made ardent efforts for the development of the agricultural sector.

The country owes agro-friendly foundations, a diverse array of weather patterns, soils, ecosystems, and agro-resources, which are favourable for region-wise crops. The spread of national races in various parts of the nation has become an advantage for agriculture, as it strengthens the force of human resources needed for crop cultivation.

According to historical records of the university, during a decade after the country fell under colonialism, scholars were sent to India to learn agricultural sciences with the goal of harnessing the country's favourable agro-conditions. Of the 40 scholars, 19 worked in the agriculture department of Myanmar, and the other 21 were assigned to the Indian agriculture department.

The country realized the shortages and weaknesses of traditional cropping methods that were denying the entry of its crops into the international market, and then noticed the importance of agricultural experts who could catch up with the advancing agricultural technologies and ensured promising crops that might earn benefits.

Therefore, Agricultural College and Research Institute was established and inaugurated in Mandalay on December 22, 1924, with the aim of producing agricultural experts. Since then, the contributions of agricultural experts in harnessing the country's fertile soil and establishing agriculture as the foundation of the nation have been greatly respected and acknowledged. On October 1, 1964, Agricultural College was elevated to the status of an Agricultural University. In 1973, the university was moved to the Yezin area of Pyinmana Township, where the essential infrastructure for agricultural development was established.

Agricultural University stands as a symbol of pride, having trained and produced numerous experts who have significantly contributed to the development of the country's agricultural sector. In 2024, the university celebrates the 100th anniversary of the inception of agricultural education, a pivotal milestone in the development of the nation's agricultural human resources, aligning with global advancements. This achievement is a source of great pride.

Since its establishment, Agricultural College has progressed from awarding **a three-year agricultural diploma** to granting Bachelor of Science degrees in Agriculture and Sericulture. These degree programs are available to students who have completed the intermediate level and require two years of study. Since the introduction of the new education system in 1964, the Bachelor of Agriculture and Bachelor of Agricultural Science degrees have been awarded. At present, alongside the offering of master's and doctoral degrees, the curriculum, teaching methods, and research are being updated to meet international standards, ensuring the university keeps pace with evolving trends. Additionally, the range of degrees in agriculture-related fields is being expanded, marking a highly encouraging development.

Over the past 100 years, the university has graduated 13,197 agricultural science graduates, 673 Master of Science holders, 85 doctoral graduates, 70 postgraduate diploma holders, and 11 Master of Philosophy graduates. All of these individuals are trusted by the state and have been recognized as experts in their fields. These accomplishments have contributed significantly to the country's development.

When we assumed responsibility for the state, we committed to '**developing agriculture and livestock in a way that is inclusive of all ethnic groups, contributes to the nation's prosperity and food security, and fosters the development of other economic sectors in a comprehensive manner. And as part of the economic goal, 'the promotion of oilseed crop cultivation aims to achieve domestic self-sufficiency in edible oil production and to transition from self-sufficiency to export.'** We are working towards the country's development and enhancing food security by adhering to these economic guidelines.

Efforts are being made to achieve target yields to ensure

See Page - 20 ●●



Senior General Min Aung Hlaing delivers a speech at the opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University.



The ribbon being cut to formally open the Yarpyae (centennial) Thabin.



Senior General Min Aung Hlaing visits a commemorative booth.

●● From Page - 19

domestic food security, expand exports, and increase import substitution, by prioritizing key crops from the country's total of 33 million acres of cropland. The goals and objectives were determined through extensive research, and therefore, a systematic review must be conducted to achieve the targets in each region. Similarly, increasing cropping intensity will boost the country's productivity and contribute to a rise in GDP. In this regard, the role of agricultural experts is crucial, as is the need for collaboration with specialists from other sectors related to agriculture.

To ensure the success of these interconnected activities, two key areas were prioritized during the establishment of the university: **'teaching and research.'** Currently, it is being implemented in three main areas: **'Teaching, Research, and Technology Dissemination.'** In this regard, the Senior General emphasized that priority must be given to effectively supporting the interests of rural residents, whose livelihoods are primarily based on agriculture and farming.

To ensure that practical and beneficial scientific agricultural knowledge is widely accessible to rural farmers, it is essential to produce not only agricultural science graduates but also a significant number of intermediate agricultural experts and skilled workers in basic agricultural practices. Therefore, in addition to the previously established agricultural science schools offering agricultural diplomas, 85 high schools teaching agricultural subjects have been opened across the country, starting from the 2023-2024 academic year. I am pleased to learn that the university is working hard to produce outstanding students from these agricultural science schools and high schools that teach agriculture, by screening them according to the specified qualifications to develop them into agricultural experts.

Recognizing the importance of the agricultural university, successive governments built landmarks in its anniversaries to honour it. The gorgeous diamond jubilee prayer hall and meeting hall was built its diamond jubilee in 1999 and its grand convocation hall was built in its 90th anniversary in 2014. It is to be proud of the fact that the international standard 100th anniversary building was built and inaugurated on the occasion of its 100th anniversary. As all the buildings constructed are being used valuably, I would like to urge all to use the 100th anniversary building most beneficially and effectively by holding academic events, discussions and conferences.

The role of old and new generation agriculturists who contributed to the security of food, water and basic needs out of their own strength and capabilities has been documented on the occasion of the 100th anniversary of the university. I would like to urge all to continue to carry out tasks for the development of the future agriculture sector relentlessly by sharing agricultural technologies, which are noble and serve both the interests of individuals and others, to new generations.

I would like to honour the agriculturalists who have performed duties assigned to them concertedly in the Ministry of Agriculture, Livestock and Irrigation and other fields after studying at the agricultural university and urge current agriculturists and those who are working in the interests of the agriculture sector in the private sector and in international organizations to continue to contribute more to interests of the country.

It is necessary to pioneer agricultural technologies to produce food and basic needs in accordance with the objective of the university to contribute to the interests of the agricultural producers, the country and the sustainable environment, to be aware of and effectively use the advantages in agriculture and human resources and to be aware of and remedy the weaknesses as true experts.

I would like to urge all to try to nurture outstanding agriculturists in accordance with the motto of the university **"Uplift Nation through Agriculture,"** and express my wish for the agricultural university to continue to exist from its 100th anniversary to the end of the world.

Then, the Senior General presented an honorary award for production of high-yield Yezin Super Rice (YSR-1) for the Department of Agricultural Research to the director general of the department.

Afterward, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on matters related to the 100th anniversary of the university.

Then, the union minister presented the gift commemorating the 100th anniversary of the university to the Senior General.

Afterward, the Senior General and attendees enjoyed the songs and musical dances performed by students of the university.

Then, the Senior General presented an honorary flower basket for the students who performed music and dances.

Afterward, the Senior General posed for documentary photographs with attendees and cordially greeted retired rectors and pro-rectors of the university.

After the ceremony, the Senior General and attendees keenly observed the exhibition booths commemorating the 100th anniversary of the university.

**100**

■■ From Page - 21

encourage their participation in various sectors. Starting this Christmas season, we call on everyone to build a peaceful and harmonious society, not only in Myanmar but across the world, through mutual understanding and tolerance, guided by the teachings of the Lord. Let us extend Christmas blessings and work together to create a serene and beautiful community.

Following this, Naw L Syriwa led a hymn of praise, and Reverend Dr. Maurice Lennar guided the attendees in reading responses for the birthday celebration. Sister Mary Zinmar Swe conducted a Bible reading, and Cardinal Charles Bo, the Archbishop, delivered a sermon. The Church of the Most Holy Redeemer Choir performed the Christmas hymn in joyful harmony. Later, Reverend Dr. Aye Min offered a special prayer for the Republic of the Union of Myanmar.

Then, Cardinal Charles Bo, Archbishop Stephen Than Myint Oo, and Reverend Dr. Aye Min presented Christmas commemorative gifts, a Christmas blessing letter, and a gem-studded painting to the Chairman of the State Administration Council Prime Minister, and wife. In return, the Senior General and his wife presented Christmas commemorative gifts as well.

Next, Reverend Manparmastan delivered a message of gratitude, followed by Reverend Saw Sar Nay offering blessings for everyone who contributed to the success of the Christmas fellowship dinner.

Afterward, the audience joined together in singing the hymn "Hark! The Herald Angels Sing" in unison.

Following this, Cardinal Charles Bo delivered a Christmas blessing message, expressing his wish that during this joyful Christmas season, not only Christians but all humanity around the world be filled with the blessings and goodwill of Christmas. He extended his blessings to the Chairman of the State Administration Council Prime Minister and his family, government officials, military personnel and their families, and all the people of Myanmar.

The Senior General and wife, along with other officials and attendees, participated in the fellowship dinner hosted by the Myanmar Christian Churches Federation.

**100**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# SAC Chairman Prime Minister Senior General Min Aung Hlaing joins Christmas thanksgiving ceremony



Senior General Min Aung Hlaing extends greetings at the Christmas thanksgiving ceremony.

NAY PYI TAW December 22

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the Christmas Thanksgiving and Fellowship Dinner organized by Christian Church Associations of Myanmar at St. Mary's Cathedral Church in Botahtaung Township of Yangon Region this evening.

Also present at the dinner were Daw Kyu Kyu Hla, wife of the Senior General, Council Joint Secretary General Ye Win Oo and his wife, council members and their wives, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the Yangon Region Chief Minister, the commander of Yangon Command, the mayor, bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical Christian Alliance and Myanmar Christian Missionary Cooperation Committee, officials from Interfaith Dialogue Group and guests, Christians, Catholic youths and Christian town elders.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the fellowship dinner.

The Chairman of the State Administration Council, the Prime Minister and his wife, along with the members, arrived at St. Mary's Cathedral Church, where they were welcomed by the Catholic Archbishop, Cardinal Charles Bo, and senior clergies. Following this, the ceremony began with a prayer of blessing led by Rev Myo Myint Oo, and then Archbishop Stephen Than Myint Oo delivered a welcoming speech.

They all sang the song of Choir titled **"Prosperous Myanmar"**.

In his Christmas greetings, the Senior General said that Christmas Day is celebrated as a day to commemorate the birth of Jesus Christ. It was stated that the Christmas season is a time that brings joy and happiness to people.

Regarding religion, every individual has the right to freely practice and believe in the religion or faith of their choice. In the Constitution (2008), provisions are set forth regarding religion and faith, and legal guarantees are provided. Furthermore, the Constitution also explicitly ensures the right of every citizen to freely practise and adhere to their religion or faith.

The teaching of the religion is ultimately a path for achieving peace within human society. It is also a form of wisdom, through which peace and harmony should be promoted. Only through inner peace can humanity experience the tranquility of the entire society. Although different religions may differ in their practices, the foundation of all religions is love, and it is essential to practice patience and forgiveness, which are core principles, while avoiding extremism and bigot.

It is well known that in Myanmar, people of various ethnicities, religions, and beliefs have lived together in harmony and coexistence. Despite the differences among them, they have been able to build unity through mutual understanding, tolerance, and respect. Individuals must continue to protect and maintain this unity. In particular, religious leaders of each faith should encourage their followers to cultivate knowledge, wisdom, and virtuous attitudes.

Our government is striving to establish a solid multi-party democratic system that aligns with the desires of all citizens and to return to the correct democratic path. We have laid down plans and national political goals to achieve this. We firmly believe that the challenges faced within any society living together can only be effectively resolved through democratic means—dialogue and negotiation. Political issues, or political demands, must be addressed through political processes, and they cannot be resolved through armed conflict. Armed violence is not a path accepted by any society, and we, too, must stand united against such actions.

In Myanmar, the majority of the population practices Buddhism, with Christianity being the second most widely practiced religion. For our nation's stability, peace, and prosperity, Christian organizations and followers play a vital role. Therefore, we respectfully urge and

See Page - 20

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများဆောင်ရွက်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

# မြဝတီမြို့ ဌာနဆိုင်ရာများစုပေါင်းအားဖြင့် ကိုးနဝင်းကျောင်းတိုက်၌ သန့်ရှင်းရေးဆောင်ရွက်ပေး

မြဝတီ ဒီဇင်ဘာ ၂၂

ကရင်ပြည်နယ် မြဝတီမြို့သည် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စနေနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက် ၇ နာရီက မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကိုးနဝင်းကျောင်းတိုက်၌ ဌာနဆိုင်ရာများစုပေါင်းအားဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့်မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းအားဖြင့် သံဃာတော်အရှင်သူမြတ်များ ပရိယတ္တိသာသနာတော်ကို အေးချမ်းစွာဆောင်ရွက်နိုင်ရေးအတွက် ကျောင်းတိုက်အတွင်း သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များလှဲပေးခြင်း၊ ရေထွက်မြောင်းများရေတင်ကျန်မှုမရှိရေး ရှင်းလင်းပေးခြင်းနှင့် ခြင်များခိုအောင်းနိုင်သည့်နေရာများအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးပြီး ထွက်ရှိသော အမှိုက်များကို စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြသည်။



အလားတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

## (၂၂-၁၂-၂၀၂၄)
## ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး
## (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# တင်းမာမှုများမြင့်တက်လာနေသော်လည်း ပြည်သူများကို တတိယကမ္ဘာစစ်နှင့်ခြိမ်းခြောက်ရန်မလိုဟု ပူတင်ဆို

**မော်စကို၊ စစ်ရေး**

လက်ရှိအခြေအနေတွင် ကမ္ဘာတစ်ဝန်း၌တင်းမာမှုများမြင့်တက်လာလျက်ရှိနေသော်လည်း ပြည်သူများကိုတတိယကမ္ဘာစစ်နှင့်ခြိမ်းခြောက်ရန်မလိုအပ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က Russia 1 TV သတင်းဌာနနှင့်အင်တာဗျူးတွင်ပြောသည်။

ရုရှားနှင့်ယူကရိန်းတို့၏ ပဋိပက္ခကြားတွင် အမေရိကန်ကပိုမိုဝင်ရောက်လာမှုသည် တတိယကမ္ဘာစစ်ကြီးက စနှင့်နေပြီးဖြစ်သည်ဟု ဆိုလိုနိုင်မည်လားဟူသောသတင်းထောက်၏မေးခွန်းကို ပူတင်က ယခုကဲ့သို့ပြန်ဖြေခြင်းဖြစ်သည်။

တင်းမာမှုများမြင့်တက်လာနေသည်မှာမှန်သော်လည်း တတိယကမ္ဘာစစ်ဟူသောအသုံးအနှုန်းဖြင့် ပြည်သူများကိုစိုးရိမ်ထိတ်လန့်မှုများမရှိစေလိုကြောင်း၊ ထိုကဲ့သို့သောတင်းမာမှုများကို ရုရှားကိုမလိုလားသောအဖွဲ့အစည်းများက လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပူတင်ကပြောသည်။

အမေရိကန်သမ္မတကျိုးဘိုင်ဒင်က ၎င်း၏သမ္မတသက်တမ်းနောက်ဆုံးနေ့ရက်များတွင် ယူကရိန်းသို့စစ်လက်နက်များအမြောက်အမြားတင်ပို့ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ သတင်းထောက်၏ပြောဆိုမှုအပေါ် ပူတင်ကယခုကဲ့သို့သတိပေးပြောဆိုခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံသည် အနောက်အုပ်စု၏ မည်ကဲ့သို့သောခြိမ်းခြောက်မှုမျိုးကိုမဆို လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ ရုရှားအနေဖြင့် အမေရိကန်နှင့်မဟာမိတ်များနှင့်ဆက်ဆံရေးပြန်တည်ဆောက်ရန် အသင့်ရှိနေသော်လည်း ရုရှား၏အကျိုးစီးပွားကိုမထိခိုက်မှသာဖြစ်မည်ဖြစ်ကြောင်း ပူတင်ကပြောထားသည်။ **Ref: RT**




# အမေရိကန်က မီးနှင့်ကစားနေသည်ဟု တရုတ်ပြော

**ပေကျင်း၊ ဆက်ဆံရေး**

အမေရိကန်နိုင်ငံအနေဖြင့် မီးနှင့်ကစားနေသည်ဟု တရုတ်အစိုးရက ဒီဇင်ဘာလ ၂၂ ရက်တွင် သတိပေးစကားပြောလိုက်ကြောင်းသိရသည်။

အမေရိကန်အစိုးရက ထိုင်ဝမ်ကျွန်းသို့ စစ်လက်နက်ပစ္စည်းများ ရောင်းချပေးရေးနှင့်ထောက်ပံ့ပေးရေးအတွက် အတည်ပြုကြောင်းကြေညာပြီးနောက် တရုတ်အစိုးရက ယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်ဒေါ်လာ ၅၇၁ သန်းတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများကို ထိုင်ဝမ်ကျွန်းသို့ရောင်းချပေးမှုနှင့်ပတ်သက်၍ တရုတ်အစိုးရက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်းတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်အစိုးရအနေဖြင့် ထိုင်ဝမ်ကျွန်းသို့ စစ်လက်နက်ပစ္စည်းများထောက်ပံ့ပေးနေမှုကို ရပ်တန့်ရန်၊ ထိုင်ဝမ်ရေလက်ကြား၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိခိုက်လျော့ပါးစေမည့်လုပ်ရပ်များကိုရပ်တန့်ရန် တိုက်တွန်းကြောင်း တရုတ်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထိုင်ဝမ်ကျွန်းသည် နိုင်ငံတကာဥပဒေများအရ တရုတ်နိုင်ငံပိုင်ဒေသတစ်ခုဖြစ်ပြီး အမေရိကန်က တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုလက်ခံသော်လည်း ခွဲထွက်ခွင့်ရရေးကြိုးပမ်းနေသည့် ထိုင်ဝမ်ကျွန်းကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်းသိရသည်။ **Ref: AP**



# ထရမ့်က ပနားမားတူးမြောင်းကိုလွှဲပြောင်းရယူရေး တောင်းဆိုလာနိုင်ဟုပြော

**ဝါရှင်တန်ဒီစီ၊ ပြည်တွင်းရေး**

ပနားမားအစိုးရက ပနားမားတူးမြောင်းကိုဖြတ်သန်းသည့်ကုန်တင်သင်္ဘောများအပေါ် ဖြတ်သန်းခများမတန်တဆတိုးမြှင့်ကောက်ခံနေကြောင်းနှင့် အမေရိကန်က ယင်းတူးမြောင်းကိုလွှဲပြောင်းရယူနိုင်ရေးအတွက် တောင်းဆိုသွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကပြောသည်။

ထရမ့်က ၎င်းအနေဖြင့် ထိုတူးမြောင်းကို မစီမံမခန့်ခွဲတတ်သူများလက်ထဲသို့ မကျရောက်စေလိုကြောင်းနှင့် ယင်းတူးမြောင်းအပေါ် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုရှိလာမည်ကိုလည်း မလိုလားကြောင်းပြောထားသည်။

အမေရိကန်က ပနားမားတူးမြောင်းကိုတည်ဆောက်သည့်အပြင် ဆယ်စုနှစ်များစွာကြာအုပ်ချုပ်ကာ ၁၉၉၉ ခုနှစ်တွင် ထိုတူးမြောင်းအုပ်ချုပ်မှုကို ပနားမားနိုင်ငံသို့ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

### အမေရိကန်ရေတပ်က ပင်လယ်နီအတွင်း ကိုယ့်လေယာဉ်ကိုကိုယ်ပြန်ပစ်မိ

အမေရိကန်ရေတပ်က ပင်လယ်နီဒေသအတွင်း ကိုယ့်လေယာဉ်ကိုကိုယ်ပြန်ပစ်မိကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ထားသည်။

အခြားလေယာဉ်တစ်စင်းက ယီမင်ရှိ ဟူသီတို့၏ပစ်မှတ်များကို အောင်မြင်စွာဖုံးကြဲတိုက်ခိုက်နိုင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောပြီးနောက် ကိုယ့်လေယာဉ်ကိုကိုယ်ပြန်ပစ်မိသည့်အကြောင်း ထုတ်ဖော်ပြောလာခြင်းဖြစ်သည်။

ပစ်ချခံရသည့်လေယာဉ်သည် F/A–18 တိုက်လေယာဉ်အမျိုးအစားဖြစ်သည်။ ထိုလေယာဉ်သည် USS Harry S. Truman လေယာဉ်တင်သင်္ဘောမှပျံတက်သွားပြီးနောက် USS Gettysburg ပဲ့ထိန်းဒုံးကျည်တင်စစ်သင်္ဘောကြီး၏ ပစ်ချမှုကိုခံလိုက်ရခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဒေသဌာနချုပ်က ဒီဇင်ဘာလ ၂၂ ရက်နံနက်ပိုင်းတွင် အတည်ပြုသည်။

လေယာဉ်မှူးနှစ်ဦးမှာမူ လေယာဉ်မှ ဘေးမသီရန်မခ ထွက်ခွာလိုက်နိုင်သော်လည်း တစ်ဦးမှာဒဏ်ရာအနည်းငယ်ရရှိသွားကြောင်းသိရသည်။ **Ref: RT**

### တူကီယဲ၌ ရဟတ်ယာဉ်က ဆေးရုံကိုဝင်တိုက်မိ လူလေးဦးသေဆုံး

တူကီယဲနိုင်ငံ၌ လူနာတင်ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်းက အေးဂျင်းဒေသ မူဂလာပြည်နယ်ရှိဆေးရုံတစ်ရုံကို ဝင်တိုက်မိမှုကြောင့် ရဟတ်ယာဉ်ပေါ်ပါသူလေးဦးစလုံး သေဆုံးသွားကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာနပိုင် အဆိုပါရဟတ်ယာဉ်သည် ဆေးရုံကိုဝင်တိုက်မှုမဖြစ်ပွားမီတွင် ပတ်ဝန်းကျင်၌မြူများထူထပ်နေမှုကြောင့် လေယာဉ်မှူးကရဟတ်ယာဉ်ကိုမထိန်းချုပ်နိုင်ခြင်းဖြစ်ကြောင်း NTV သတင်းဌာနကဖော်ပြထားသည်။

ဒီဇင်ဘာလ ၂၂ ရက်တွင်ဖြစ်ပွားသော အဆိုပါမတော်တဆမှု၌ ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦး၊ အထောက်အကူပြုအဖွဲ့ဝင်တစ်ဦး၊ ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့ပါဝင်ကြောင်းနှင့် ထိုရဟတ်ယာဉ်သည် ဆေးရုံမှထွက်ခွာရန်ပျံသန်းစဉ်မှာပင် ရာသီဥတုဆိုးဝါးနေမှုကြောင့် ယခုကဲ့သို့အဖြစ်ဆိုးနှင့်ကြုံရခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောထားသည်။ **Ref: Xinhua**

### ဩစတြေးလျ၌ တောမီးလောင်ကျွမ်းမှု ထိန်းချုပ်မရဖြစ်နေ

ဩစတြေးလျ၌ တောမီးလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်မရဖြစ်နေပြီး အဆိုပါတောမီးမှာ ရက်ရှည်စွာဆက်လက်လောင်ကျွမ်းနေမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာလ ၂၂ ရက်တွင် ပြောသည်။

အဆိုပါတောမီးသည် ဗစ်တိုးရီးယားပြည်နယ်၌လောင်ကျွမ်းနေခြင်းဖြစ်ပြီး ဒေသခံပြည်သူရာပေါင်းများစွာကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားရသည်။

အဓိကအားဖြင့် ဂရမ်ပီယံအမျိုးသားဥယျာဉ်အတွင်းနှင့်ပတ်ဝန်းကျင်၌ တောမီးလောင်မှုမှာ ဆိုးဝါးနေဆဲဖြစ်ကြောင်း၊ ယင်းနေရာ၌ မီးစာများစွာကျန်ရှိနေသေးကြောင်း ဗစ်တိုးရီးယားပြည်နယ်မီးသတ်ဌာနကထုတ်ပြန်ထားသည်။

ယင်းတောမီးသည် ဒီဇင်ဘာလ ၁၇ ရက်တွင် မိုးကြိုးပစ်မှုကြောင့်စတင်ဖြစ်ပွားခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၂၁ ရက်အထိ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်အစီးရေ ၁၀၀ ကျော်နှင့် မီးသတ်ရဟတ်ယာဉ် ၂၅ စင်းတို့ဖြင့် မီးငြိမ်းသတ်မှုများလုပ်ဆောင်နေရကြောင်း သိရသည်။ **Ref: TST**

### ဘရာဇီး၌ ဘတ်စကားတစ်စီး မီးလောင်မှုကြောင့် အနည်းဆုံးလူ ၃၈ ဦးသေဆုံး

ဘရာဇီးနိုင်ငံ၌ ဒီဇင်ဘာလ ၂၁ ရက်တွင် ဘတ်စကားတစ်စီးမီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၃၈ ဦးသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

အဆိုပါဘတ်စကားသည် မီနတ်ဂီရေ့ပြည်နယ်၌ လူအပြည့်တင်ပြီးမောင်းနှင်နေစဉ် ကုန်တင်ကားတစ်စီးနှင့်တိုက်မိခြင်းဖြစ်သည်။ ထိုသို့တိုက်မိပြီးနောက် ဘတ်စကားသည် မီးလောင်သွားကြောင်းနှင့်ဒဏ်ရာရရှိသူ ၁၃ ဦးကို အနီးရှိဆေးရုံတွင်တင်ထားကြောင်း ပြည်နယ်မီးသတ်ဌာနကပြောသည်။

ဆောင်ပေါင်လိုမြို့မှ လူအပြည့်တင်ကာထွက်ခွာလာသည့် ထိုဘတ်စကားသည် တာယာပွင့်ထွက်သွားပြီးနောက် ယာဉ်မောင်းက ယာဉ်ကိုထိန်းချုပ်နိုင်ခြင်းမရှိတော့သည့်အတွက် တစ်ဖက်မှလာနေသည့်ကုန်တင်ကားကို ဝင်တိုက်မိခြင်းဖြစ်သည်။

ထို့ပြင် ဘတ်စကားသည် နှမ်းဖက်ကျောက်တုံးကြီးတစ်တုံးကိုလည်းဝင်တိုက်မိကြောင်း မျက်မြင်တွေ့ရှိသူများကပြောထားသည်။ **Ref: RT**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာရဲမြင့်အောင်၊ ပါမောက္ခ
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၅ ခုနှစ် မတ်လမှာကျင်းပမယ့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများ အတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ မေးခွန်းပုံစံတို့ပဲ ဖြစ်ပါတယ်။

Grade 12 ဓာတုဗေဒပြဋ္ဌာန်းစာအုပ်မှ အခန်း ၈ ခန်းကို ဓာတုဗေဒ ဘာသာရပ်ရဲ့ ဘာသာရပ်ခွဲများဖြစ်တဲ့ Inorganic Chemistry, Physical Chemistry, Organic Chemistry နဲ့ Environmental Chemistry ဆိုပြီး အပိုင်း ၄ ပိုင်း ပါဝင်ပါတယ်။ အခန်း ၁ နဲ့ ၆ ကတော့ Inorganic Chemistry၊ အခန်း ၂၊ ၃၊ ၄ နဲ့ ၅ ကတော့ Physical Chemistry၊ အခန်း ၇ ကတော့ Environmental Chemistry ဖြစ်ပြီး အခန်း ၈ က Organic Chemistry ဖြစ်ပါတယ်။

**Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာဟာ အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်တဲ့သင်ခန်းစာပဲဖြစ်တယ်။ Section အလိုက်လေ့လာမည်ဆိုလျှင်–

**1.1 BASIC CONCEPTS TO UNDERSTAND CHEMICAL BONDING**

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာနားလည်ရပါမည်။ Electronic configurations တွေမှာ Aufbau principle အရ electron တွေကို energy level အနည်းအများအလိုက် 1*s* 2*s* 2*p* 3*s* 3*p* 4*s* 3*d* 4*p* ----- စသည်ဖြင့် ဖြည့်ဝင်ရမှာဖြစ်ပါသည်။

**Electronic configuration of potassium**


Hydrogen ($_1$H) မှ Argon ($_{18}$Ar) ထိ electronic configuration ဖော်ပြရာတွင် shell number အစဉ်တိုင်းဖြည့်သွင်းလာရမည်ဖြစ်သည်။ သို့သော် Potassium ($_{19}$K) ၏ electronic configuration ကိုဖော်ပြပါက အပြင်ဘက်ဆုံး outer electron ကို 3*d* subshell အစား 4*s* subshell ကို အရင်ဖြည့်သွင်းရပါမည်။ energy level အရ 4*s* က 3*d* ထက်နိမ့်၍ ဖြစ်ပါသည်။ (because the 4s is below the 3d in terms of its energy). Potassium ရဲ့ electronic configuration ကို $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^6\ 4s^1$ ဟု ဖော်ပြနိုင်ပါသည်။

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာ နားလည်ဖို့အတွက် fundamental principles and rules တွေဖြစ်တဲ့ Aufbau principle, Pauli's exclusion principle and Hund's rule တို့ကိုနားလည်ရမှာဖြစ်ပါတယ်။

**1.2 IONIC BONDING**

Metal နှင့် non-metal atoms နှစ်ခုအကြား electronegativity difference (>1.8) ပေါ်မူတည်ပြီး ionic bonding ဖြစ်နိုင်သည်။ Ionic bonding ဖြစ်ပေါ်ပုံကို Lewis symbols ဖြင့် ရေးဆွဲလေ့လာနိုင်သည်။

ဥပမာ NaCl နှင့် MgO မှာဆိုရင် $Mg^{2+}$ နှင့် $O^{2-}$ အကြား ဆွဲအားသည် $Na^+$ နှင့် $Cl^-$ အကြား ဆွဲအားထက် ပိုကောင်းသည်။ anions တွေတူညီနေလျှင် ကျန် cations တွေ၏အရွယ်အစားနှင့် နှိုင်းယှဉ်နိုင်သည်။ size ငယ်လေလေ ဆွဲအားများလေလေဖြစ်သည်။ ဥပမာ NaCl နှင့် KCl မှာဆိုလျှင် anion ($Cl^-$) အတူတူဖြစ်၍ Na နှင့် K မှာ size ငယ်သော NaCl က ပိုပြီးဆွဲအားကောင်းသည်။




**1.3 COVALENT BONDING**

Covalent bonding ဖြစ်ပေါ်တဲ့နေရာမှာ atoms တွေရဲ့ outermost orbitals တွေ overlap ဖြစ်သွားပြီး bonding atoms တွေရဲ့ unpaired valence electrons တွေကို ဝေမျှသုံးကြသည်။ Paired valence electrons တွေကတော့ bonding မှာပါဝင်မှုမရှိပေ။ Coordinate bond (သို့) dative bond မှာ ဝေမျှသုံးမယ့် electron နှစ်လုံးကို ပေါင်းစပ်မယ့် atom နှစ်ခုအနက် atom တစ်ခုကပေးခြင်းဖြစ်သည်။

**Drawing Lewis structures**

အဓိကသတိပြုရမှာကတော့ Lewis structure မှာ unshared paired electrons တွေကိုဖြည့်တဲ့အခါ molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီအရ shape ကိုခန့်မှန်းဖို့အတွက် –

1. molecule ရဲ့ Lewis's structure ကိုဆွဲပါ။
2. Central atom ကို ဝန်းရံနေတဲ့ electron pair ကိုရေတွက်ပါ။
3. Electron pair ရဲ့ geometry ကိုရှာဖွေပါ။
4. နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းနိုင်မှာ ဖြစ်ပါသည်။

**Table 1** Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | linear | 180° X–A–X linear | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) | 120° triangular planar | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) | <120° bent/V-shaped | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral | 109.5° tetrahedral | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral | <109.5° trigonal pyramidal | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral | <109.5 bent/V-shaped | $H_2O$ |

**Note: Symbol E represents the number of lone pairs.**

တချို့ covalent molecules တွေဟာ giant structures အဖြစ်တည်ရှိနေကြောင်း graphite နဲ့ silicon(IV) oxide တို့ရဲ့ giant structures များကိုလေ့လာပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Covalent molecules များဖြစ်တဲ့ HCl and $Cl_2$ molecules တွေရဲ့ covalent bond ဖြစ်ပေါ်နေတဲ့ atom နှစ်ခုအကြား electronegativity တန်ဖိုးခြားနားချက်နဲ့ bond polarity တို့ရဲ့ဆက်သွယ်ချက်ကို သိရှိရမှာဖြစ်ပါတယ်။

**1.4 INTERMOLECULAR FORCES**

“Dipole moment” အကြောင်းနဲ့ polar covalent bond တစ်ခုမှာ dipole ရဲ့ direction ကိုညွှန်ပြတဲ့သင်္ကေတကို နားလည်သိရှိရမှာ ဖြစ်ပါတယ်။ $H_2O$ နဲ့ $CO_2$ molecules များရဲ့ bond dipoles နဲ့ dipole moments များမှတစ်ဆင့် polyatomic molecules များရဲ့ individual bond dipoles နဲ့ dipole moment of a molecule ကိုဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

Dipole–dipole interaction နဲ့ ion–dipole interaction တို့ကို သိရှိနားလည်ထားရမှာဖြစ်ပါတယ်။ ဓာတ်ငွေ့ (ဥပမာ helium) atoms များအတွင်းဖြစ်ပေါ်တဲ့ London dispersion forces ဖြစ်တဲ့ induced dipole–induced dipole interaction အကြောင်းကိုလည်း နားလည်သိရှိရပါမယ်။ Hydrogen bonding ဖြစ်ပေါ်ရန်လိုအပ်ချက်များနဲ့ intermolecular hydrogen bond ဖြစ်ပေါ်ပုံကို ဥပမာများနှင့် ရှင်းလင်းဖော်ပြနိုင်ရမှာဖြစ်ပါတယ်။ Ion–dipole interactions ဟာ dipole–dipole interactions ထက်ပိုအားကောင်းရခြင်းမှာ ယင်းတို့ရဲ့ charge များအပေါ်မူတည်ကြောင်း ရှင်းလင်းစွာသိရှိလာမှာဖြစ်ပါတယ်။

**1.5 METALLIC BONDING**

Metallic bonding ဖြစ်ပေါ်ရာမှာ metal atoms တွေရဲ့ positive ions နဲ့ valence electrons တွေဟာ electron cloud (sea of electrons) ဖြစ်ပေါ်ပြီး metal atom nucleus များနဲ့ strong electrostatic attraction ရှိတဲ့အတွက် အလွန်ခိုင်မြဲကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ Metallic bonding ရဲ့ strength ဟာ အချက် (၃) ချက်အပေါ်မူတည်ပြီး intermolecular forces တွေထဲမှာ ပိုမိုခိုင်မြဲတာကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။

**Chapter 2 Energy Changes in Chemical Reactions** မှာတော့ energy transformation နဲ့ သက်ဆိုင်တဲ့နမူနာတွေကို တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ စွမ်းအင်ဆိုတာ ဖျက်ဆီးပစ်၍ မရနိုင်သလို အသစ်ဖန်တီး ရယူဖို့လည်းမဖြစ်နိုင်ကြောင်း Law of conservation of energy အရ သိရှိနိုင်မှာဖြစ်ပါတယ်။ Chemical energy ဆိုတာ ဒြပ်ပစ္စည်းတွေမှာ ရှိနေတဲ့ chemical bond တွေမှာ သိုလှောင်ထားတဲ့စွမ်းအင်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်အသွင်နဲ့ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပက စွမ်းအင်ထောက်ပံ့ပေးဖို့မလိုအပ်ဘဲ ဖြစ်ပေါ်နိုင်တဲ့ ဓာတ်ပြုခြင်းကို spontaneous reaction လို့ခေါ်ပါတယ်။ အကယ်၍ ပြင်ပကစွမ်းအင်ထောက်ပံ့ပေးမှ ဓာတ်ပြုခြင်းဖြစ်နိုင်မယ်ဆိုရင်တော့ ဒီဓာတ်ပြုခြင်းကို non-spontaneous reaction လို့ခေါ်ပါတယ်။ ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့နယ်ပယ်ကို system (စနစ်) လို့ခေါ်ပြီး ၎င်းနဲ့ထိစပ်နေတဲ့အရာမှန်သမျှကို surroundings (ဝန်းကျင်) လို့သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။ Heat of combustion, heat of formation of a compound နဲ့ heat of neutralisation တွေနဲ့ပတ်သက်တဲ့ thermochemical equation တွေကိုရေးနိုင်ရန် လိုအပ်ပါတယ်။ Enthalpy change တိုင်းတာမှုနဲ့ ပတ်သက်လို့သိထားရမှာက – အရာဝတ္ထုတစ်ခုချင်းစီရဲ့ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကိုအသုံးပြုပြီး $\Delta T$ တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ အဲဒီကတစ်ဆင့် $\Delta H$ တန်ဖိုးကို တွက်ချက်နိုင်ကြောင်း သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Hess's Law အရ reactant မှ product သို့ တိုက်ရိုက်ပြောင်းလဲသည်ဖြစ်စေ၊ ဓာတ်ပြုအဆင့်ဆင့်မှ product သို့ ရောက်ရှိသည်ဖြစ်စေ enthalpy ပြောင်းလဲခြင်း အတူတူပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ပါတယ်။ Standard state မှာရှိနေတဲ့ဒြပ်စင်တွေရဲ့ enthalpy formation value ကို zero အဖြစ် မှတ်ယူရပါမယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာ တွက်ချက်ရာမှာ physical states များ၊ သက်ဆိုင်ရာ ရူပဓာတုဆိုင်ရာ သင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ စနစ်တကျလေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။ Chemical Bond တစ်ခုကို ဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့ စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ဖော်ပြပြီး bond making အတွက် minus နဲ့ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်းပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။

စာမျက်နှာ ၂၅ သို့ ◆

◆ စာမျက်နှာ ၂၄ မှအဆက်

**Chapter 3 Chemical Kinetics: Rates of Reaction** မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ ပြောင်းလဲမှုလည်း ရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများတိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီး ဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

Mg နှင့် HCl ဓာတ်ပြုခြင်းရဲ့ reaction rate ကို reactant ဖြစ်တဲ့ magnesium ရဲ့ mass ကနေ အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်သလို product အဖြစ် စုယူရရှိတဲ့ hydrogen gas ရဲ့ volume ကနေလည်း အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်တာကို သိရှိနားလည်ရပါမယ်။ ရှုထောင့်အမျိုးမျိုးကနေ rate ကိုတွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုးဖြစ်နိုင်ပါတယ်။ Rate of reaction ကိုသင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို product ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရန် မော်လီကျူးတွေထိတိုက်တဲ့အခါမှာ မှန်ကန်တဲ့အနေအထား (correct orientation) ဖြစ်ဖို့လိုအပ်သလို successful collision ဖြစ်ဖို့အတွက် လုံလောက်တဲ့စွမ်းအင်ပမာဏလည်း ရှိနေဖို့ အထူးလိုအပ်ပါတယ်။ Reaction တစ်ခုဖြစ်ဖို့အတွက် reacting particles တွေထိတိုက်ကြရပါမယ်။ အဲဒီလိုထိတိုက်ကြတဲ့အခါ လုံလောက်တဲ့စွမ်းအင်တွေရလာကြပြီး activated complex ဖြစ်ပေါ်လာပါတယ်။ Reactant အခြေအနေကနေ activated complex ဖြစ်တဲ့အထိ စွမ်းအင်ခြားနားချက်ကို activation energy လို့သတ်မှတ်ပါတယ်။ အဲဒီ complex ဖြစ်နေတဲ့အဆင့်ကို transition state လို့ခေါ်ပါတယ်။ $[H_2I_2]$ ဟာ activated complex ဖြစ်ပါတယ်။ Reactants $H_2$ နဲ့ $I_2$ တို့ထိတိုက်တဲ့အခါ လုံလောက်တဲ့စွမ်းအင်ရရှိခဲ့ရင် ပုံမှာပြထားတဲ့ product HI ဖြစ်ပေါ်လာနိုင်ပေမယ့် ထိတိုက်မှုကနေ လုံလောက်တဲ့ စွမ်းအင်မရရှိခဲ့ရင် energy barrier ကို မကျော်နိုင်တော့ဘဲ reactant ဘက်ကို ပြန်ရောက်သွားနိုင်လို့ အဲဒီအဆင့်ဟာ reversible reaction ဆိုတာကို သတိထားရပါမယ်။

ဓာတ်ပြုနှုန်းအပေါ် သက်ရောက်စေနိုင်တဲ့အချက် ၆ ချက်ရှိပါတယ်။ Effect of concentration of reactants နဲ့ပတ်သက်ပြီး zinc နဲ့ HCl ဓာတ်ပြုခြင်းတွင် HCl concentration ပိုများတဲ့ဘက်က ဓာတ်ငွေ့ပူဖောင်းထွက်ပေါ်မှုပိုများပြီး zinc အတုံးလေးက အရင်ပျော်ဝင်ပျောက်ကွယ်သွားတာကို တွေ့ရပါမယ်။

Concentration များလေ reactants တွေထိတိုက်ခြင်းများလေလေ ဖြစ်ပြီး ဓာတ်ပြုနှုန်းမြန်လေလေဆိုတာကို collision theory ကိုအခြေခံပြီး သိရှိနားလည်ရမှာဖြစ်ပါတယ်။ ပမာဏတူတဲ့ reactants တွေမှာ အရွယ်အစားငယ်လေလေ မျက်နှာပြင်ဧရိယာများပြီး ဓာတ်ပြုခြင်း မြန်လေလေဖြစ်တယ်။ အဲဒါကို အလူမီနီယံ foil သို့မဟုတ် အလူမီနီယံ powder ကို NaOH နှင့်ဓာတ်ပြုခြင်းတွေမှာ အလွယ်တကူသိရှိနိုင်မှာ ဖြစ်ပါတယ်။

Pressure ရဲ့ သက်ရောက်မှုကိုပြောမယ်ဆိုရင် ဓာတ်ငွေ့များပါဝင်တဲ့ ဓာတ်ပြုခြင်းများနှင့်သာသက်ဆိုင်ပြီး solids, liquids နဲ့ aqueous solutions များအပေါ်သက်ရောက်မှုမရှိနိုင်တာကို သိထားရမှာ ဖြစ်ပါတယ်။ ဖိအားများရင် ဓာတ်ငွေ့ particles တွေရဲ့ထိတွေ့မှုတွေများပြီး ဓာတ်ပြုနှုန်းတွေမြန်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ Reaction rate နဲ့ temperature ဆက်စပ်မှုကိုလေ့လာရာမှာ အပူချိန်မြှင့်ပေးတာဟာ heat energy တိုးလာစေပြီး အမှုန်တွေရဲ့ kinetic energy တိုးလာစေတာကို သိရှိနိုင်ပါတယ်။ အပူချိန်မြင့်လေ reacting particles တွေရဲ့လှုပ်ရှားမှုမြန်လာပြီး အချင်းချင်းထိတိုက်မှုများလာမှာ ဖြစ်ပါတယ်။ ထိုအခါ လုံလောက်တဲ့စွမ်းအင်ရရှိလာပြီး rate of reaction ပိုမြန်လာတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ Activation energy ကို Boltzmann distribution curve နဲ့လေ့လာနိုင်ပြီး အဲဒီကနေ အပူချိန်နဲ့ဓာတ်ပြုနှုန်းဆက်သွယ်ချက်ကို နားလည်သိရှိနိုင်မှာ ဖြစ်ပါတယ်။ Catalysts တွေမှာ ဓာတ်ပြုခြင်းကိုမြန်စေတဲ့ catalyst ရှိသလို နှေးစေတဲ့ catalyst လည်းရှိပါတယ်။ Catalysts တွေဟာ physical states အမျိုးမျိုးရှိနိုင်ပြီး သက်ဆိုင်ရာ reactants နဲ့ phase တူတာရှိသလို မတူတာတွေလည်းရှိကြောင်း homogeneous catalyst နဲ့ heterogeneous catalyst တွေကိုလေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ Effect of light မှာတော့ photochemical reaction ကိုနားလည်သိရှိနိုင်ပြီး အလင်းစွမ်းအင်ကြောင့် ဓာတ်ပြုနှုန်းကွာခြားပုံကိုလည်း collision theory အရ သိရှိနားလည်မှာ ဖြစ်ပါတယ်။

**Chapter 4, Chemical Equilibrium** ကိုလေ့လာရာတွင် chemical reaction အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one-way process) ဖြစ်စဉ်များဖြစ်ကြပြီး တချို့ကတော့ အပြန်အလှန်ဓာတ်ပြုခြင်း (reversible reaction) တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေတူညီသွားတဲ့အခါ မျှခြေ (equilibrium) အခြေကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။ Reaction တွေရဲ့ physical states တွေအရ homogeneous နဲ့ heterogeneous equilibria တွေရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။

အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကိုခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။ Concentration effect အနေနဲ့ reaction mixture မှာပါတဲ့ reactant သို့မဟုတ် product တစ်ခုခုရဲ့ ပါဝင်ကိန်းကိုတိုးလိုက်ရင် အဆိုပါတိုးလိုက်တဲ့ concentration effect ကို အသုံးပြုပြီး ပါဝင်ကိန်းနည်းတဲ့ဘက်ကိုဦးတည်ပြီး မျှခြေအခြေအနေသစ်တစ်ခုကို ရောက်ရှိမှာဖြစ်ပါတယ်။ Pressure ရဲ့သက်ရောက်မှုကတော့ ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဖိအားကိုတိုးခဲ့မယ်ဆိုရင် ထုထည်ကျုံ့စေမှာဖြစ်ပြီး ထုထည်နည်းတဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပေါ်မှာ ဖြစ်ပါတယ်။ ဖိအားလျော့ခဲ့ရင် ထုထည်များတဲ့ဘက်ကို ဦးတည်စေမှာဖြစ်ပါတယ်။ Reactant နဲ့ product တွေရဲ့ ထုထည်တူညီခဲ့ရင်တော့ ဖိအားသက်ရောက်မှုမရှိနိုင်ပါဘူး။ မျှခြေအခြေအနေမှာရှိနေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ temperature ကို တိုးလိုက်တဲ့အခါ အပူစုပ်ဓာတ်ပြုခြင်းကိုဦးစားပေးပြီး မျှခြေဟာ ပြောင်းလဲသွားပါတယ်။ အပူချိန်လျော့ရင်တော့ အပူထုတ်ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်စေကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ တွင်ကျယ်စွာ အသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ammonia နှင့် methanol production တွေမှာအသုံးပြုတာကို လေ့လာနိုင်ပါတယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ Keq ကို molar concentration အားဖြင့် Kc နှင့် gaseous equilibrium အတွက် Kp စသဖြင့် ဖော်ပြနိုင်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။

**Chapter (5) ကတော့ Acid-Base Reactions** ဖြစ်ပါတယ်။ Acids and bases theories: **Arrhenius Theory** သည် H+ ions နှင့် OH- ions များကိုအခြေခံ၍ acid-base ကိုအဓိပ္ပာယ်သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာ ဖြစ်ပါတယ်။ **BrØnsted and Lowry Theory** အရဆိုလျှင် proton သို့မဟုတ် H+ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကိုအခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ The concept of conjugated acid-base pairs ကို သင့်တော်သောဥပမာများနှင့် ရှင်းလင်းတတ်ရန် လိုပါတယ်။ Lewis acid-base theory ကို သင့်တော်သောဥပမာနှင့်တကွ ရှင်းလင်းဖော်ပြတတ်ရမှာ ဖြစ်ပါတယ်။ **Lewis acid-base theory** မှာတော့ acid-base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ $e^-$ pair လက်ခံနိုင်မှုနှင့် ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။ သင့်တော်သောဥပမာများနှင့် ရှင်းလင်းတင်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Autoionisation of water နဲ့ acid-base property of water တို့ကို ရှင်းလင်းစွာ သိရှိထားရမှာဖြစ်ပါတယ်။

ရေမော်လီကျူး၏ acid-base ပြုမူပုံများ၊ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant (Kw) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကိုလည်း နားလည်သိရှိရမှာ ဖြစ်ပါတယ်။ ထို့နောက် acid ပျော်ရည်၊ base ပျော်ရည်တို့၏ ionisation အကြောင်းကိုလေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ဥပမာများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ Ka နှင့် acid ပြင်းအားဆက်သွယ်မှုတို့ကိုလည်း အလွယ်တကူနားလည်သိရှိဖို့ လိုအပ်ပါတယ်။ အလားတူ base ပြိုကွဲခြင်းကိုလည်း acid ပြိုကွဲခြင်းကဲ့သို့ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။

ဆားအမျိုးအစား ၄ မျိုးတို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုးမတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ်ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။ Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ပါဝင်သော ပျော်ရည်အမျိုးအစား ဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကိုဟန့်တားနိုင်စေပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများ PROBLEM SOLVING ကိုလည်း ပြင်ဆင်ထားစေလိုပါတယ်။

**Chapter 6** ကတော့ **Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။ IUPAC definition အရ $d$-orbitals or subshells များတွင် ē အပြည့်ဖြည့်ဝင်ထားခြင်းမရှိသော ဒြပ်စင်အက်တမ်နှင့် ဓာတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ (transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို $s$-block နှင့် $p$-block ကြားတွင်တွေ့ရှိရပြီး $d$-block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် 1st Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ 1st Series ($_{21}Sc$ – $_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ $_{21}Sc$ to $_{29}Cu$ သို့သွားရာတွင် ၎င်းတို့၏ nuclear charge သည် များလာပြီး atomic radii ဟာ ယေဘုယျအားဖြင့် ငယ်သွားတာကို တွေ့ရပါမယ်။ ဒါကြောင့် ionisation energy လည်း ယေဘုယျအားဖြင့် များလာပါတယ်။

Orbital တစ်ခုစီတွင် ē များ ဖြည့်ဝင်ပုံမှန်ကန်စွာဖြည့်တတ်စေလိုပါတယ်။ essential electronic structures များရေးသားတတ်ရပါမည်။ ခြွင်းချက်အနေနှင့် $3d$ နှင့် $4s$ orbital တို့ဟာ energy တူညီလုနီးပါးရှိတာကြောင့် $_{24}Cr$ နှင့် $_{29}Cu$ မှာ $3d$ orbital ရဲ့ ပိုမိုတည်မြဲတဲ့ electron configuration ကိုရရှိရန် $4s$ မှ ē ကို ဖြည့်ဝင်ထားကြောင်း သိရှိဖို့လိုပါတယ်။ ယင်းတို့၏ သိရှိထားရမှာဖြစ်ပါတယ်။

Transition metals တွေရဲ့ physical properties ဖြစ်တဲ့ melting point နဲ့ boiling point တွေမြင့်တက်ပြီး density လည်း များလာတာကို သိရှိနားလည်ဖို့လိုပါတယ်။ 1st series မှာရှိတဲ့ ဒြပ်စင်တွေရဲ့ variable oxidation states ရှိနေတာကိုလည်း သိရှိရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒြပ်စင်များရဲ့ တည်မြဲတဲ့ oxidation state အပေါ်မူတည်ပြီး ယင်းတို့၏ oxidising property နှင့် reducing property တွေကိုသိရှိလာမှာဖြစ်ပါတယ်။ Transition metal compounds တွေဟာ aqueous solution ထဲမှာ visible light ကို စုပ်ယူပြီး coloured compounds ဖြစ်လာခြင်းကို သက်ဆိုင်ရာ compound နဲ့ အရောင်တို့ကို တွဲဖက်လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Transition metals တွေရဲ့ magnetic property ကိုလေ့လာနိုင်စေရန် paramagnetic, diamagnetic and ferromagnetic ဆိုပြီး (၃) မျိုး တင်ပြထားပါတယ်။ ထို (၃) မျိုးမှာ orbital တွင် ē ဖြည့်ရာ၌ ē စုံဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ paramagnetic နဲ့ diamagnetic ကိုခွဲခြားနိုင်သလို applied magnetic field ဆွဲအားအပေါ်မူတည်၍ ferromagnetic property တို့ကိုလည်း နားလည်ထားရမှာ ဖြစ်ပါတယ်။ 1st Series $3d$ transition elements တွေဟာ စက်မှုလုပ်ငန်းများတွင် catalysts အနေနှင့် အသုံးဝင်ပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပုံနှင့် ဆေးပညာနယ်ပယ်တွင် အသုံးပြုခြင်းတွေကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

**Chapter 7 Chemistry and Green Environment** ကတော့ လူသားတွေရဲ့ တိုးတက်လာတဲ့နည်းပညာများနဲ့ ယင်းတို့ရဲ့ လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအမျိုးစုံ ဖြစ်ပေါ်နေပြီး ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါ့ကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့သက်ရောက်မှုများကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems တွေကိုလည်း သိရှိထားဖို့ လိုပါတယ်။


စာမျက်နှာ ၂၆ သို့ ◆

◆ **စာမျက်နှာ ၂၅ မှအဆက်**

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်းရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury) နှင့် ထိုသတ္တုများ၏ ဒြပ်ပေါင်းများရှုထောင့်မှ ဖော်ပြပေးထားပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အော်ဂဲနစ်ဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ VOCs တို့က လူသားတွေရဲ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ သက်ရောက်မှုများကို သိရှိနားလည်ဖို့လိုပါတယ်။

Natural and man–made sources တွေကနေထွက်ပေါ်လာသော radiation တွေနဲ့ လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့ အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution တွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် radioactive substances တွေကြောင့်ဖြစ်လာတဲ့ health problems တွေကို လေ့လာသိရှိထားဖို့လိုပါတယ်။ Nuclear power and nuclear weapons အကြောင်းနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာထားဖို့လိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှုနည်းလမ်းကောင်းများကိုလည်း ယနေ့ခေတ်သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။

**အခန်း (၈)** ကတော့ **Organic Compounds and Macromolecules** ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Ethanol မှအစပြု၍ organic reactions အားလုံးအတွက် အနှစ်ချုပ်ကို ဖော်ပြပေးထားပါတယ်။




ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားနဲ့ ဖော်ပြပေးထားပါတယ်။ Functional groups ကို ခွဲခြားဆုံးဖြတ်နိုင်တဲ့ chemical test equations တွေကို ရေးသားတတ်ဖို့လိုပါတယ်။ ဥပမာအနေနဲ့ aldehyde နဲ့ ketone တို့ကို ခွဲခြားစမ်းသပ်နိုင်တဲ့ equations များကို ဖော်ပြပေးထားပါတယ်။

Organic compounds တွေရဲ့ functional groups တွေကို ခွဲခြားနိုင်တဲ့ spectroscopic method ကို လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation ကို လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကိုလည်း သိရှိနားလည်ဖို့လိုအပ်ပါတယ်။ Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက infrared spectroscopy ကို လေ့လာရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး IR spectroscopy ရဲ့ principle ကို နားလည်သိရှိဖို့လိုအပ်ပါတယ်။ Molecules နဲ့ IR radiation တို့ interaction ဖြစ်တဲ့အခါ molecules က IR radiation ရဲ့ energy ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က atom နှစ်ခုကြားမှာရှိတဲ့ bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive ကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ Molecules တွေ dipole moment changes ရှိမှသာ IR active ဖြစ်ပြီး dipole moment changes မရှိခဲ့ရင်တော့ IR inactive ဖြစ်ပါတယ်။ ဥပမာ $N_2$ molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။ IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို အောက်ဖော်ပြပါဇယားမှာ လေ့လာသိရှိနိုင်ပါတယ်။

Table 10 Some Characteristic Infrared Absorption Bands and their Intensities

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C-O | 1050-1410 | strong |
| alkenes, aromatic compounds | C=C | 1620-1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650-1750 | strong, sharp |
| alkynes | C≡C | 2100-2260 | medium, weak |
| carboxylic acids | O-H | 2500-3300 | strong, very broad |
| aldehydes | C-H | 2720-2820 | medium, weak |
| alkanes, alkenes | C-H | 2850-3090 | strong |
| alcohols | O-H | 3200-3600 | strong |
| amines, amides | N-H | 3300-3500 | weak, median |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်းမြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုးပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျှော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။ Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံမှာ Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Matching နဲ့ Multiple choice questions (MCQs) တို့ရှိတဲ့ထဲက ယခုနှစ်မှာ TRUE/ FALSE, Fill in the blanks နဲ့ Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ ၁ မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုးဖြေဆိုရပါမယ်။ ကျောင်းသား၊ ကျောင်းသူများရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်းနံပါတ် ၁ က **TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင်ဖြည့်ရမည့် အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန်ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန်မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်းနံပါတ် ၄ မှာ ၅ မှတ်တန် **Short and medium questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက **environmental** အခန်းကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured, short and long questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **physical chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၆ ၏ပုဒ်ခွဲတစ်ပုဒ်မှာ **organic chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၇ ပုဒ်ခွဲတစ်ခုသည် **inorganic chemistry** အပိုင်းကို **OR** ခံမေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်းအမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာမေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာဖတ်ရှုလေ့လာထားရမှာဖြစ်ပါတယ်။

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့် အကြောင်းအရာတွေနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်းအသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာဖော်ပြရေးသားဖို့ သတိပြုရပါမယ်။ အမှတ်များများလိုချင်ရင် ယခုနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ အခန်း ၈ ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကိုပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၂၅ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။ ။

# ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကျောင်းကုန်း ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးမာ၏ပြောကြားချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်ထွက်ခဝဲသီးများကို ကုန်စိမ်းဈေးကွက်၌ ဒီဇင်ဘာလတတိယပတ်မှစ၍ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ တစ်ရက်လျှင် ခဝဲသီးအလုံး ၂၅၀၀၀ မှ ၃၅၀၀၀ အထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေထွက်တဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်ယူမှုများနေတယ်။ လက်ရှိမှာ တစ်ရက်ကို ခဝဲသီးအလုံး ၂၅၀၀၀ ကနေ ၃၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးနှုန်းသက်သာပြီး သန့်ရှင်းလတ်ဆတ်မှုလည်းရှိတယ်။ တခြားဒေသတွေက ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ ခဝဲသီးတွေကို ဝယ်လိုအားများနေပါတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်းပိုမိုရရှိလာပါတယ်" ဟု ဒေါ်အေးမာက ပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ခဝဲသီးအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များပေါ်သည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**သုတကျော်**

# ဆိုလာစနစ်သုံးလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ လည်ပတ်နေမှုကွင်းဆင်းစစ်ဆေး

မြောင်းမြ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူတော်ကြီးကျေးရွာ၌ အသေးစားဓာတ်အားလိုင်းစနစ် (Mini Grid) စီမံကိန်းရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သော ဆိုလာစနစ်သုံးလျှပ်စစ်မီးလင်းရေးလုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကို၊ မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက လူတော်ကြီးကျေးရွာ၌ ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဓာတ်အားဖြန့်ဖြူးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာ၌ ၂၀၂ ဒသမ ၄ ကီလိုဝပ်ရှိသော ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းကို အသေးစားဓာတ်အားလိုင်းစနစ် (Mini Grid) စီမံကိန်းမှ ငွေကျပ် ၁၆၃၉ ဒသမ ၁၁၆ သန်း၊ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုငွေကျပ် ၅၄၆ ဒသမ ၃၇၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅၄၆ ဒသမ ၃၇၂ သန်း စုစုပေါင်း ငွေကျပ် ၂၇၃၁ ဒသမ ၈၆ သန်းအသုံးပြုပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် မတ်လ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာရှိ အိမ်ထောင်စုဝင်များ ဓာတ်အားရယူသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မိုင်းကိုင် ဒီဇင်ဘာ ၂၂


ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်ကေတုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဒီဇင်ဘာလ ၂၂ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် ပန်စံခမ်းကျေးရွာနှင့် ကုံးလိုင်းကျေးရွာတို့ရှိ အသင်းသား၊ အသင်းသူများ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာများရှိ အသင်းသား၊ အသင်းသူ ၄၄ ဦးကို စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ငွေကျပ် သိန်း ၅၄၀ အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
| --- | --- |
| ဟားခါး | ၁°C |
| တီးတိန် | ၅°C |
| နမ့်စန် (ရှမ်းပြည်တောင်ပိုင်း) | ၆.၈°C |
| ပူတာအို | ၉.၅°C |
| မြစ်ကြီးနား | ၉.၇°C |
| ပြင်ဦးလွင် | ၁၀°C |
| လွိုင်လင် | ၁၁.၉°C |
| မိုင်းယန်း | ၁၂°C |
| ခန္တီး | ၁၂.၂°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
| --- | --- |
| တီးတိန် | (၀.၁၆)လက်မ |
| မူဆယ် | (၀.၀၈)လက်မ |
| ဟားခါး | (၀.၀၄)လက်မ |
| မော်လိုက် | (၀.၀၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
| --- | --- | --- |
| ကချင် | ၁၀ | ၂၂ |
| ရှမ်း(မြောက်) | ၁၂ | ၂၆ |
| ရှမ်း(အရှေ့) | ၁၄ | ၂၈ |
| ရှမ်း(တောင်) | ၁၁ | ၂၃ |
| ချင်း | ၃ | ၁၇ |
| စစ်ကိုင်း(အထက်) | ၁၄ | ၂၃ |
| စစ်ကိုင်း(အောက်) | ၁၈ | ၂၈ |
| နေပြည်တော် | ၂၀ | ၂၉ |
| မန္တလေး | ၂၀ | ၂၈ |
| မကွေး | ၁၇ | ၃၀ |
| ရခိုင် | ၁၇ | ၃၁ |
| ပဲခူး | ၁၉ | ၃၃ |
| ရန်ကုန် | ၂၀ | ၃၁ |
| ဧရာဝတီ | ၂၀ | ၃၁ |
| ကယား | ၁၄ | ၂၅ |
| ကရင် | ၁၈ | ၃၃ |
| မွန် | ၁၉ | ၃၁ |
| တနင်္သာရီ | ၁၉ | ၃၂ |

# 7th Act East Business Show သို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ခေါ်ထား

ရန်ကုန် ဒီဇင်ဘာ ၂၂

အိန္ဒိယနိုင်ငံ မီဂါလာယာ(Meghalaya) ပြည်နယ်၌ကျင်းပမည့် 7th Act East Business Show သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ရန် သက်ဆိုင်ရာ ပြပွဲကျင်းပရေးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

7th Act East Business Show ကို အိန္ဒိယနိုင်ငံ မီဂါလာယာပြည်နယ်အစိုးရ၊ အရှေ့မြောက်ဒေသကောင်စီ၊ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Invest India တို့ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိ မီဂါလာယာပြည်နယ်၏မြို့တော်ဖြစ်သည့် ရှီလောင်မြို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲသို့ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးဝလံ ပန်းမန်ကဏ္ဍ၊ နည်းပညာကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ လက်ရက်ကန်းနှင့် လက်မှုပညာပစ္စည်း စသည့်ကဏ္ဍများမှ ကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးကိုယ်စားလှယ်များ တက်ရောက်ကြရန် သက်ဆိုင်ရာမှ ဖိတ်ခေါ်ထားသည်။

အဆိုပါ 7th Act East Business Show တွင် ကုန်စည်ပစ္စည်းမျိုးစုံပြပွဲအပြင် အိန္ဒိယအရှေ့မြောက်ဖျားဒေသ၏ အရှေ့တောင်အာရှနိုင်ငံများသို့ ချိတ်ဆက်မှုလမ်းကြောင်းအလားအလာများဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြည်နယ်အစိုးရနှင့်တက်ရောက်လာသူများကြား တွေ့ဆုံဆွေးနွေးမှုများ၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများကိုလည်း စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး တက်ရောက်လာသူများအတွက် တည်းခိုနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စများကို သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၈၆၂၂ နှင့် အီးမေးလ်- event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**







အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။






# ပဲခူးမြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှုတို့အား ကွင်းဆင်းစစ်ဆေး



**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ သိန္နီတံခါးပေါက်အနီး ရှိ ဟံသာဝတီမြို့ရိုးတံခါးပေါက် ပြန်လည် ဖော်ထုတ်ထားရှိမှုနှင့် မြေယာအလှူရှင်း၊ ကျုံးပတ်လမ်းဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အများ ပြည်သူများအပန်းဖြေရင်းဖြင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို တွေ့မြင် ခံစားသိရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက် ပေးခြင်းဖြစ်၍ စဉ်ဆက်မပြတ်ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် လိုအပ်သည့်နေရာတွင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် ဟံသာဝတီရှေးဟောင်းမြို့ရိုး/ တောင်ငူတံခါးပေါက်ပြန်လည်တူးဖော် နေမှုနှင့် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လိပ်ပြာကန်အား တိုင်းဒေသကြီးအစိုးရ အဖွဲ့၏အစီအစဉ်ဖြင့် ဘက်စုံပြန်လည် အဆင့်မြှင့်တင်နေမှုတို့အား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပဲခူးမြို့နယ် မဲခုန်ကျေးရွာ ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဘုရင့်နောင်မင်းတရားကြီး စီးနင်းခဲ့သည့် မြင်း ၁၆ ကောင်ဆွဲ လှည်းယဉ်တော်ကြီး အား မူလပုံစံအရွယ်အစားအတိုင်း တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှု ပြီး ခမ်းနားထည်ဝါစွာတည်ဆောက် နိုင်ရေး သမိုင်းပညာရှင်များ၊ တာဝန်ရှိသူ များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လ ၁၇ ရက် မှစ၍ ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာ ဈေးရုံကြီးရှေ့၌ ဒေသတွင်းကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ဒေသခံပြည်သူများ အခြေခံစားသောက်ကုန်များကို ဈေးနှုန်း သက်သာစွာ နေ့စဉ်ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင် စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ များ၏ တိုက်ရိုက်အရောင်းဆိုင်များဖွင့်လှစ် ရောင်းချနေမှုအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

# ဘားအံမြို့၌ အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲနှင့် အခြေခံပညာ အထက်တန်းဆင့်(Grade-12)သင်ကြားမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်လူငယ် ရေးရာကော်မတီမှကြီးမှူးကျင်းပသည့် အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်း မြတ်ပညာခန်းမ၌ကျင်းပသည်။

ဦးစွာ ကင်းထောက်သင်တန်းသား၊ သင်တန်းသူများက ကင်းထောက်ဂုဏ်ရည် သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကင်းထောက်သင်တန်းအတွက် ငွေကျပ် ၁၉၄၇၅၀၀၀ ကိုပေးအပ်ပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အခြေခံ ကင်းထောက်ကြီးကြပ်၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် ကင်းထောက်လည်စည်းများကို ပေးအပ် ကာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြား ရေးမှူးက ကင်းထောက်သင်တန်းသား၊ သင်တန်းသူများအတွက် ကင်းထောက် လက်စွဲစာအုပ်ကို ပေးအပ်သည်။

ယင်းနောက် ယခင်ကျင်းပပြီးစီးခဲ့ သည့် ကင်းထောက်သင်တန်းမှ လှုပ်ရှားမှု အမှတ်တရ Video Clip ကို ကြည့်ရှုခဲ့ကြ ပြီး အခြေခံကင်းထောက်သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ ကင်းထောက်လူငယ် သုံး အသုံးအဆောင်ပစ္စည်းများအားကြည့်ရှု ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်(Grade-12) သင်ကြားမှုထိရောက်ရေး အရည်အသွေး မြှင့်ဆွေးနွေးပွဲကို နံနက် ၁၁ နာရီတွင် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ဆွေးနွေးပွဲတက်ရောက် ကြသည့် ဆရာ၊ ဆရာမများအတွက် ငွေကျပ် ၁၄၈၅၀၀၀၀ ကို ပြည်နယ်ပညာ ရေးမှူးထံပေးအပ်သည်။

အဆိုပါ အရည်အသွေးမြှင့်ဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၄ ရက်ထိ လေးရက် ကြာမြင့်မည်ဖြစ်ကာ အခြေခံပညာအထက် တန်းဆင့်(Grade-12)မှ ဘာသာရပ် ကိုးခုကို ဘားအံတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၉၉ ဦး က ဦးဆောင်ဆွေးနွေးသွား မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲ မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေ နှင့်အညီ ထိရောက်စွာတားဆီးအရေးယူ နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဒီဇင်ဘာလ ၁၉ ရက်**တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၂)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၃၁၉၀၄၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၆၀၄၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၅၃၁၆၄၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့ပြင် **ဒီဇင်ဘာလ ၂၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့မော်တော် ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၂၁ ရက်**တွင် ပဲခူး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၆၂၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၉၂၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံ မြို့နယ်၊ ကျိုင်းဖောင်းပူးပေါင်းစစ်ဆေးရေး ဂိတ်၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၁၆၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ်၊ ရန်ကင်းဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၂) စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၀)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၆၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီလုံ- ဘားအံလမ်း၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၁၉၈၉၅၇၃၆)**ကို ဖမ်းဆီးရမိခဲ့ သည်။ တရားမဝင်တင်သွင်းလာမှုများ ကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်း ခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါ သည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန် ရှိသူများမှ ယခုထက်ပိုမို တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ သိရ သည်။

**(သတင်းစဉ်)**

## အသင်းသမိုင်းတစ်လျှောက် မန်စီးတီးအသင်းကို အိမ်ကွင်း၌ နှစ်ပွဲဆက်အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို အက်စ်တွန်ဗီလာအသင်းပြန်လည်ရရှိ



**လန်ဒန် ဒီဇင်ဘာ ၂၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) အဖြစ် ကစားသည့် အက်စ်တွန်ဗီလာအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် မန်စီးတီးအသင်းကို အိမ်ကွင်း၌ နှစ်ပွဲဆက်အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက ဒူရမ်နှင့်ရော်ဂျာတို့၏သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး မန်စီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဖိုဒန်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၉၃ ခုနှစ်က အိမ်ကွင်း၌ မန်စီးတီးအသင်းကို နှစ်ပွဲဆက်အနိုင်ရရှိခဲ့ပြီး နောက်ပိုင်းတွင် အိမ်ကွင်း၌ နှစ်ပွဲဆက်အနိုင်ရရှိခြင်းမရှိတော့ဘဲ ယခုအခါ နည်းပြအူနိုင်းအမ်မရီလက်ထက်မှသာ မန်စီးတီးအသင်းကို အိမ်ကွင်း၌ နှစ်ပွဲဆက်ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် မန်စီးတီးအသင်းကို အသင်းအိမ်ကွင်းဗီလာပ့ါခ်၌ ပြီးခဲ့သည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်က ကစားသည့်ပွဲစဉ်တွင် ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယခုပွဲစဉ်တွင်လည်း အိမ်ကွင်း၌ ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် နှစ်ပွဲဆက်ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဒူရမ်၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီး ကိုယ်တိုင်တစ်ဂိုးသွင်းယူခဲ့သည့် ရော်ဂျာသည် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ် လက်ရှိချန်ပီယံအသင်းဘက်သို့ တစ်ပွဲတည်း ကိုယ်တိုင်ဂိုးသွင်းသကဲ့သို့ ဂိုးဖန်တီးမှုလည်း ပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ကာ အက်စ်တွန်ဗီလာအသင်းသည်လည်း မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) အပြီးတွင် ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

## ချယ်လ်ဆီးအသင်းက ခံစစ်ကစားသမားဟောလ်ကို ပြန်လည်ရောင်းချရန်ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၂၂**

ချယ်လ်ဆီးအသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လက်စတာအသင်းမှ ခေါ်ယူခဲ့သည့် ခံစစ်ကစားသမား ဟောလ်ကို လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဟောလ်ကို လက်စတာအသင်းထံမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူခဲ့သော်လည်း ယခုဘောလုံးရာသီ နည်းပြမာရက်စ်ကာလက်အောက်တွင် ပွဲကစားခွင့်နည်းပါးပြီး လူစားဝင်ကစားသမားအဖြစ် ၅၅ မိနစ်ခန့်သာ ပါဝင်ကစားခွင့်ရရှိထားသည်။

ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံလမ်းကြောင်းပေါ်ရောက်ရှိနေပြီး ရလဒ်ကောင်းများရရှိနေသည့် ချယ်လ်ဆီးအသင်းသည် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ မလိုအပ်သည့်ကစားသမားများကို ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိပြီး ရောင်းချမည့်ကစားသမားစာရင်းတွင် ဟောလ်ကိုလည်း ထည့်သွင်းထားကာ သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက ပြန်လည်ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Fotmob*

## ဆောက်သမ်တန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ရိုးမားအသင်းနည်းပြဟောင်း အိုင်ဗန်ဂျူရစ်ကို ခန့်အပ်ကြောင်း အတည်ပြုကြေညာ

**လန်ဒန် ဒီဇင်ဘာ ၂၂**

ဆောက်သမ်တန်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် နည်းပြသစ်အဖြစ် ရိုးမားအသင်းနည်းပြဟောင်း အိုင်ဗန်ဂျူရစ်ကို ခန့်အပ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၄၉ နှစ်အရွယ် နည်းပြအိုင်ဗန်ဂျူရစ်သည် ယခုဘောလုံးရာသီတွင် ရိုးမားအသင်းနည်းပြအဖြစ် ခန့်အပ်ခံရပြီးနောက် အသင်းကို သုံးလသာ တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့ကာ ရလဒ်များဆိုးရွားမှုကြောင့် ပြီးခဲ့သည့်စက်တင်ဘာလက ရိုးမားအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာ ယခုအခါ ဆောက်သမ်တန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တန်းတက်လာခဲ့သော်လည်း ယခုဘောလုံးရာသီအစပိုင်းတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားလျက်ရှိပြီး ဒီဇင်ဘာလ ၁၆ ရက်က ကစားသည့် အိမ်ကွင်း၌ စပါးအသင်းကို ၅ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သော နည်းပြရက်ဆဲလ်မာတင်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နည်းပြသစ်အဖြစ် အိုင်ဗန်ဂျူရစ်ကို ၁၈ လစာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအိုင်ဗန်ဂျူရစ်သည် ဆောက်သမ်တန်အသင်းမတိုင်မီက စီးရီးအေကလပ်အသင်းများဖြစ်သည့် ဂျီနိုအာအသင်း၊ ဗီရိုနာအသင်း၊ တိုရီနိုအသင်းနှင့် ရိုးမားအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့် ဝါရင့်နည်းပြတစ်ဦးဖြစ်သောကြောင့် ဆောက်သမ်တန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Flash Score*

## မန်ယူအသင်းက တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ်မရောင်းချနိုင်ပါက အငှားစာချုပ်ဖြင့်စေလွှတ်မည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၂**

မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ်မရောင်းချနိုင်ပါက အငှားစာချုပ်ဖြင့် စေလွှတ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ အသင်းတွင်ပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ခုတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် မန်ယူအသင်းက လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀ ဖြင့် ရောင်းချရန်ဆုံးဖြတ်ထားပြီး အပြီးသတ်စာချုပ်ဖြင့်မဟုတ်ဘဲ အငှားစာချုပ်ဖြင့် ကမ်းလှမ်းလာမည်ဆိုပါကလည်း လက်ခံရန် ပြင်ဆင်ထားသည်။

ရက်ရှ်ဖို့ဒ်သည် နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း လက်ရှိနည်းပြ အမိုရင်လက်အောက်တွင် ကစားခွင့်နည်းပါးခဲ့သည့်အပြင် ပြီးခဲ့သည့် မန်စီးတီးအသင်းနှင့်စပါးအသင်းတို့ ကစားသည့်ပွဲစဉ်တွင် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံရပြီးနောက် အသင်းက ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*






ABL APP is now AVAILABLE in both MM and ENG versions!

**မိုးသောက်ပန်း ဂျာနယ်**

**ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့**

- မျက်နှာဖုံးတွင် ကာတွန်းကြယ်ကြယ်၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းထာဝရနှင့် စိုပြေတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်စစ်ကြည်(ပန်းတနော်)၊ ချစ်စုအောင်၊ ဈာန်လေး(ပညာရေး)၊ မန်းတင့်မော်၊ ပုလောစိုးနံ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၇-၁၂-၂၀၂၄)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၈)၊ အမှတ်(၅၀)ထွက်ပြီ။



• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၄/၂၀၂၄)
## ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
## (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၁၀)နေရာ**အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီးဖြစ်ရမည်။
(ဃ) ၁-၁-၂၀၂၅ ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၃၁-၁-၂၀၂၅ ရက်(သောကြာနေ့)နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်-**

(က) ကိုယ်ရေးမှတ်တမ်း
(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ(ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း
(င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာဖော်ပြထားခြင်းမရှိသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၇-၂-၂၀၂၅ ရက်(သောကြာနေ့) နံနက်(၀၉၃၀)နာရီမှ (၁၂၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၂-၂၀၂၅ ရက်နှင့် ၆-၂-၂၀၂၅ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်းထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားပါနံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်- ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
### တည်ဆောက်ရေးလုပ်ငန်းအတွက် (လုပ်ငန်းတစ်ရပ်လုံး)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့နယ်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်းဆောင်ရွက်မည့် ဘားအံမြို့နယ်၊ ကော့လိုက်ကျေးရွာ၊ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံးဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၄-၁၂-၂၀၂၄)(ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာနောက်ဆုံးထားတင်သွင်းရမည့်ရက်/အချိန် - (၆-၁-၂၀၂၅)(၁၆:၀၀ နာရီ)

၄။ တင်ဒါဖွင့်လှစ်မည့်ရက် /အချိန် - (၇-၁-၂၀၂၅)(၁၀:၀၀ နာရီ)

၅။ တင်ဒါလျှောက်လွှာရောင်းချခြင်း၊ တင်ဒါပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့။ ရုံးဖုန်း- ၀၅၈-၂၂၅၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

အောင်စည်သူ(ဘ)ဦးကြည်ထွေး ၇/ဒဥန(နိုင်)၁၉၆၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စုစုသက်လှိုင်(ဘ)ဦးဇော်ဦး ၇/ဒဥန(နိုင်)၁၂၅၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အောင်ကိုနိုင်(ဘ)ဦးမြင့်နိုင် ၁၄/သလခ(နိုင်)၀၁၅၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ထက်အာ္ဇလီ(ဘ)ဦးကျော်စွာဦး ၇/ဖမန(နိုင်)၂၄၉၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 010760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မင်းသူရမြင့်(ဘ)ဦးမင်းသူ ၁၂/မဂတ(နိုင်)၀၉၇၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 594363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၀၆၃၅၅၅

**ပျောက်ဆုံးကြောင်း**

မျိုးထွန်း(ဘ)ဦးမျိုးလွင် ၁၂/ကမတ(နိုင်)၀၅၅၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နှင်းအိလှိုင်(ဘ)ဦးလှငွေး ၁၄/မအန(နိုင်)၃၀၀၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကေသီဇော်(ဘ)ဦးခင်ဇော် ၇/ကဝန(နိုင်)၁၅၇၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 557746)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မA.Dဂျာဆန်(ဘ)ဦးလဖိုင်ဇော်ဂျာ ၁/ကမတ(နိုင်)၀၀၈၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 959135)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၃၈၂၈၃၂

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်/ချောင်း အ.ထ.က Grade-11 မှ မဖြူဇင်ချို၊ ကျောင်းဝင်အမှတ်၉၄၀၀၏ဖခင်ဦးဆန်းဝင်း၏အမည်မှန်မှာ ဦးစန်းဝင်း ၈/တတက(နိုင်)၁၂၇၆၈၆ ဖြစ်ပါကြောင်း။
ဦးစန်းဝင်း

**ပျောက်ဆုံးကြောင်း**

စစ်လွင်ထွန်း(ဘ)ဦးဝဏ္ဏထွန်း ၁၂/ဒဂတ(နိုင်)၀၅၉၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 157984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၇၅၀၀၄၃

**ပျောက်ဆုံးကြောင်း**

စေတုတ္တရာမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗန္ဓုလရပ်နေ ဇင်မင်းထွေး(ဘ)ဦးသိန်းထွေး ၈/စတရ(နိုင်)၀၃၇၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 425878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

**ပျောက်ဆုံးကြောင်း**

ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာနေ စောဆဲဘလုသော(ဘ)စောဆာတူဂေါ(ခ)ဆာတူရော ၇/ကကန(နိုင်)၁၀၇၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 197790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ မကျော့ကျော့မှူး(ဘ)ဦးဆန်းဝင်းထွန်း ၁၂/ဒဂမ(နိုင်)၀၂၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 853911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

နေလင်းထွန်း(ဘ)ဦးကျော်လွင် ၁၁/တကန(နိုင်)၀၈၅၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 339116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ကျောက်တံခါးမြို့နယ်၊ ခင်ကြီးကျေးရွာအုပ်စု၊ ကျီးရိုးရွာနေ မဝါဝါအောင် Final Year(History)တောင်ငူတက္ကသိုလ်၊ အ.ထ.က စိုက်စက်မွေး(ပဲနွယ်ကုန်း)၊ Grade-10(E) မှ မောင်သူရိန်အောင်၊ Grade-12(C) မှ မောင်ဟိန်းထက်အောင်၊ Grade-12(C) မှ မောင်သူရအောင်တို့၏ဖခင် ဦးမောင်ဇော်နှင့်ဦးဇော်ကြီး ၈/ကတခ(နိုင်)၀၉၉၁၆၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမောင်ဇော်(ခ)ဦးဇော်ကြီး

**ပျောက်ဆုံးကြောင်း**

အောင်မြင့်(ခ)ကျန်သရာ(ဘ)ဦးအောင်စိန်(ခ)ပရကား(ရှ်) ၁၂/ပဇတ(နိုင်)၀၀၂၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၇၅၀၀၄၃

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့်ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်လိုအပ် . . .**

❖ **မိမိကိုယ်ကိုကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**ကိုးကွယ်သည့်ဘာသာတရားများမတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၅ ကော်လံ ၁ ❍**

---

**ဆောင်းပါး** လူသားနှင့်ရင်းမြစ်ကမ္ဘာ စာ - ၁၃ သို့

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ (၂၄) တွင် ဖော်ပြပါရှိပါသည်။

